# ကျောက်ဝပ်ပြင်ကျေးရွာ

# လောင်းလုံးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ - ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျောက်ဝပ်ပြင်ကျေးရွာ၊ လောင်းလုံးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ

CamScanner

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | ၃ |
| | ကျောက်ဝပ်ပြင်ကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ် | ၅ |
| | | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၆ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၆ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၆ |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း | ၉ |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၁၀ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၁ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၆။ | ပညာရေး | ၁၁ |
| ၇။ | ကျန်းမာရေး | ၁၃ |
| ၈။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၄ |
| ၉။ | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ၁၄ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၅ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၆ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၇ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၇ |
| | နောက်ဆက်တွဲ (၄) စီမံချက်အဆိုပြုလွှာ (၁) | ၆၁ |
| | နောက်ဆက်တွဲ (၅) စီမံချက်အဆိုပြုလွှာ (၂) | ၆၃ |
| | နောက်ဆက်တွဲ (၆) စီမံချက်အဆိုပြုလွှာ (၃) | ၆၅ |




CamScanner

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီး ဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက် နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာ ကြရာတွင် သင်တန်း လုပ်ဆောင် ပေးရုံ သာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။



CamScanner

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျောက်ဝပ်ပြင်ကျေးရွာ
လောင်းလုံးမြို့နယ်



CamScanner

ကျောက်ဝပ်ပြင်ကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက် အကျဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ် ချင်းဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ လောင်းလုံးမြို့သည် တနင်္သာရီတိုင်း ဒေသကြီး၏ မြောက်ဘက်ပိုင်းတွင်တည်ရှိပြီး ရေဖြူမြို့နယ်၊ ထားဝယ်မြို့နယ်များနှင့် ထိစပ်လျက်ရှိပါသည်။

ကျောက်ဝပ်ပြင်ကျေးရွာသည် ပထဝီအနေအထားအရ တောင်ကုန်းနှင့် မြေနိမ့်ချိုင့်ဝှမ်းဖြစ်ပါသည်။ ကျောက်ဝပ်ပြင် ကျေးရွာသည် အုပ်စုကျေးရွာဖြစ်ပြီး လောင်းလုံးမြို့နယ်၏ အရှေ့တောင်ပိုင်းတွင် (၂၇) မိုင်ကွာဝေးပါသည်။ အရှေ့ဘက်တွင် ထားဝယ်မြစ်၊ အနောက်ဘက်တွင် ဥယျာဉ်ခြံ နှင့် တောင်တန်းများ၊မြောက်ဘက်တွင် ကျောက်နီမော်ကျေးရွာ၊ တောင်ဘက်တွင် အောက်ကျောက်ဝပ် ကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ် နေပါသည်။ ကျေးရွာမှ ထားဝယ်မြို့သို့ သွားရောက်ရန် (၄၀)မိုင်ခန့် ကွာဝေးသော်လည်း နေ့ချင်းပြန်သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုမှာ အဆင်ပြေ ချောမွေ့ ပါသည်။ ကျောက်ဝပ်ပြင်ကျေးရွာတွင် ရေလုပ်ငန်းအား အဓိက ထား၍ လုပ်ကိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လောင်းလုံးမြို့နယ်၏ (၂၀၁၉) ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၃၀) ရက်နှင့် မိုးရေချိန်မှာ (၁၈၉.၇၂) လက်မ အထိ ဖြစ်ပါသည်။ အပူပိုင်း မုတ်သုံရာသီဥတုဖြစ်ပြီး တစ်နှစ်ပျမ်းမျှ အပူချိန်မှာ (၂၈)ဒီဂရီ စင်တီဂရိတ်ဖြစ်ပါသည်။ ကျောက်ဝပ်ပြင်ကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်း အမြစ်များ မထွက်ရှိပါ။ သို့သော် သဲထွက်ရှိမှု အသင့်အတင့်ရှိပြီး အသုံးချနိုင်မှုလွယ်ကူပါသည်။ သဘာဝဆေးဖက်ဝင်အပင်များ အနေဖြင့် ဂမုန်းနှင့် ဆင်တုံးမနွယ်အပင်များကို တွေ့ရှိနိုင်ပြီး အသုံးချနိုင်မှုလည်း လွယ်ကူပါသည်။ ကျေးရွာတွင် သဘာဝမျိုးစေ့အပင်များနှင့် သဘာဝ တိရစ္ဆာန်မျိုးစေ့များ မရှိပါ။ ထို့အပြင် တောကြက်၊ တောဝက်၊ ချေ၊ တောမျောက်၊ ရှဉ့်နှင့် မြွေများကို ဥယျာဉ်ခြံများတွင် တစ်ခါတစ်ရံတွေ့ရတတ် ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျွန်ုပ်တို့ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၁၂)ဖွဲ့ရှိပါသည်။ ဘဝအလင်းတန်းနာရေးကူညီမှုအသင်းမှာ အဖွဲ့ဝင်(၅၁)ဦးပါဝင်ပြီး စွမ်းဆောင်မှုလည်း ကောင်းပါသည်။ အဖိုးအဖွား စောင့်ရှောက်ရေးအဖွဲ့မှာ အဖိုးအဖွားများ၏ ကျန်းမာရေးကိစ္စရပ်များအား

အိမ်တိုင်ရာရောက်စနစ်ဖြင့် ပြုစုစောင့်ရှောက်လျက်ရှိပါသည်။ ရပ်မိရပ်ဖအဖွဲ့မှာ အမျိုးသမီး ပါဝင် ဖွဲ့စည်းထားခြင်း မရှိသော်လည်း ပူးပေါင်းပါဝင်မှုမှာ ရှိပါသည်။ ကျန်းမာရေးစောင့် ရှောက်မှုအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှာ ကျေးရွာတွင် ကာကွယ်ဆေး ထိုးနှံမှု များနှင့် ကာကွယ် ဆေး တိုက်ကျွေးမှုများ စသည့်ကျန်းမာရေး ကိစ္စရပ်များအတွက် အရေးပါပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ ကျေးရွာသား များကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ် ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီ သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့ အစည်း များနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် (My Future) အဖွဲ့အစည်း သည်အသေးစားငွေချေးလုပ်ငန်းအတွက်လုပ်ကိုင်နေပြီး ဓမ္မစကူးလ်အသင်းမှာ ကျောင်းသား ကျောင်းသူများ ယဉ်ကျေးလိမ္မာစေရေးအတွက် အဓိကထားဆောင်ရွက်ပြီး ဆရာမ (၈)ဦး နှင့် ကျောင်းသား/သူ (၁၀၀)ဦး နီးပါးရှိပါသည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

ကျောက်ဝပ်ပြင်ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ (၁၄၄)စုရှိပြီး ကျေးရွာ အိမ် ထောင်စု၏ (၇၂)%ခန့်ရှိပါသည်။ ထိုအိမ်ထောင်စုများသည် ရေလုပ်ငန်းအား အဓိက ထား လုပ်ကိုင်သူများဖြစ်ကြပါသည်။ ထို့အပြင် ကျေးရွာတွင် (၂.၅)ဧကအောက် မြေယာ ပိုင်ဆိုင် သော အိမ်ထောင်စု(၅)စု၊ ၂.၅ ဧကမှ ၅ ဧက ကြား (၂၃)စု၊ ၅ ဧကမှ ၁၂.၅ ဧက ကြား(၁၄)စု နှင့် (၁၂.၅)ဧကအထက် တောင်သူကြီး(၁၄)အိမ်ထောင်စုလည်းရှိပါသည်။ တောင်သူကြီး များမှာ အများအားဖြင့် ဥယျာဉ်ခြံများကို ပိုင်ဆိုင်ပါသည်။ကျေးရွာတွင် မိုးရေဖြင့်သာ အဓိကအားထား စိုက်ပျိုးပါသည်။ အစိုးရနှင့်ပုဂ္ဂိုလက ရေအရင်းအမြစ်မှ ရေသွင်းနိုင်သည့် ဧရိယာ ပြုလုပ်ပေးထားခြင်း မရှိပါ။ သို့သော် ရာသီပေါ်သီးနှံများကို လက်တူးတွင်းများမှ ပိုက်ဖြင့် သွယ်တန်း၍ စိုက်ပျိုးမှု အနည်းငယ် ရှိပါသည်။

ကျေးရွာတွင် အဓိကစိုက်ပျိုးသောသီးနှံမှာ ကွမ်းသီးနှင့် ဒညင်းသီးဖြစ်ပါသည်။ ကွမ်းသီးအား အစိမ်းရောင်းပါက (၁)လုံးလျှင် (၂၅-၃၀)ကျပ်အကြားရရှိပြီး အခြောက် ရောင်း ပါက တစ်ပိဿာလျှင် (၄၀၀၀-၄၇၀၀)ကျပ်အကြားရရှိပါသည်။ ဒညင်းသီးမှာ ၅ဂါလံ ပုံးဖြင့် တစ်ပုံးလျှင်(၈၀၀၀-၁၀၀၀၀)ကျပ်ရရှိပြီး ထားဝယ်မြို့တွင် ရောင်းချပါသည်။ စပါးမှာ စိုက်

ကော (၂၀)ကေသာရှိပြီး မြေဆီလွှာမကောင်းခြင်းကြောင့် စိုက်ပျိုးခြင်း မရှိတော့ပါ။ ရာသီပေါ်သီးနှံများအနေဖြင့် ချဉ်ပေါင်၊ ခရမ်း၊ နာနတ်၊ ကြက်ဟင်းခါး၊ ကျောက်ဖရုံနှင့် ကွမ်းရွက်ပင် များကို တစ်နိုင် တစ်ပိုင်ဖြင့် စိုက်ပျိုးသူ အနည်းငယ်ရှိပါသည်။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်သာရှိသည့်အတွက် စက်ကိရိယာ ပိုင်ဆိုင်မှု အနည်း အကျဉ်းသာရှိပါသည်။ အခြား ရေလုပ်ငန်းလုပ်သူနှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူ အများအပြားရှိသည်။

ကျေးရွာတွင် စိုက်ပျိုးသီးနှံအထွက်တိုးစေရန်အတွက် အခွင့်အလမ်းများ အနေဖြင့် ချေးငွေဝန်ဆောင်မှုအား မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင် ချေးနိုင်ပါသည်။ ထို့အပြင် သီးနှံမျိုးစေ့များနှင့် ဓာတ်မြေသြဇာများကို ထားဝယ်မြို့တွင် အသင့်အတင့် ဝယ်ယူနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင် လယ်ယာမြေများ မရှိသော်လည်း ဥယျာဉ်မြေများရှိသဖြင့် နှစ်ရှည်သီးနှံများ စိုက်ပျိုးရန်အတွက် အခွင့်အလမ်းများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးနှင့် ပတ်သက်၍ ပြဿနာအခက်အခဲများ အနေဖြင့် ချေးငွေနှင့် မျိုးစေ့ရရှိရန်လည်း ခက်ခဲပြီး လုပ်သားရရှိရန်လည်း ခက်ခဲပါသည်။ ထို့အပြင် သီးနှံများအား ဈေးနှုန်း မှန်ကန်စွာဖြင့် ရောင်းချရန် ခက်ခဲပြီး နည်းပညာ ဝန်ဆောင်မှုလည်း လုံးဝမရသောကြောင့် စိုက်ပျိုး ရေး လုပ်ငန်းဆောင်ရွက်ရန် အခက်အခဲ များစွာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျောက်ဝပ်ပြင်ကျေးရွာတွင် စီးပွားဖြစ်မွေးမြူသည့် အိမ်ထောင်စုမရှိ ပါ။ တစ်ပိုင် တစ်နိုင်မွေးမြူသည့် အိမ်ထောင်စုအနည်းငယ်သာရှိပါသည်။ နွားမွေးမြူသော အိမ်ထောင်စု (၂)စု၊ ဝက်မွေးမြူသော အိမ်ထောင်စု(၁)စုနှင့် ကြက်မွေးမြူသော အိမ်ထောင်စု(၃၁)စု တို့ဖြစ်ကြပါသည်။ ထို့အပြင် ကမ်းလွန် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု (၂၁)စု လည်းရှိပါသည်။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းတိုးတက်စေရန်အတွက် အခွင့်အလမ်းများ အနေဖြင့် ရေနှင့် ချေးငွေ အသင့်အတင့် ရရှိနိုင်သည့်အပြင် မျိုးတိရစ္ဆာန်များ၊ သွင်းအားစုများ အသင့်အတင့်ဝယ်ယူနိုင်ပြီး ထုတ်ကုန်များကိုလည်း ရောင်းချနိုင်ပါသည်။ ချေးငွေမှာ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ထုတ်ချေးပေးပြီး အတိုးနှုန်းမှာ(၁%)သာ ဖြစ်သဖြင့် အဆင်ပြေမှု ရှိပါသည်။ ထို့အပြင် ငါးမွေးမြူရေးလုပ်ကိုင်ရန်အတွက် ရေမြေအနေထား ကောင်းမွန်ပြီး ငါး/ပုဇွန် သားပေါက်များကိုလည်း လွယ်ကူစွာဝယ်ယူနိုင်ပါသည်။ ၎င်းအပြင် ချေးငွေရရှိနိုင်မှု အသင့်အတင့် ရှိပြီး ထုတ်ကုန်များကိုလည်း ရောင်းချနိုင်ပါသည်။



CamScanner

### (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းများအနေဖြင့် လက်သမား၊ ပန်းရံ၊ ဝပ်ရှော့ဆိုင်၊ အလှူမီနီယံလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ဥယျာဉ်ခြံ လုပ်ငန်း၊ လက်ဖက်ရည်ဆိုင်၊ အလှပြင်ဆိုင် ၊ အပ်ချုပ်၊ ပို့ဆောင်ရေးလုပ်ငန်းနှင့် ပညာရေး ဝန်ထမ်း တို့ဖြစ် ကြပါသည်။ ထိုင်းနိုင်ငံ၌ သွားရောက်လုပ်ကိုင်နေသည့် မိသားစုဝင် များထံမှ အပြည့်အဝမှီခို နေရသည့် အိမ်ထောင်စုများလည်း ရှိပါသည်။ စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အိမ်ထောင်စုများအတွက် အခွင့်အလမ်းများအနေဖြင့် ဈေးကွက်ဆိုင်ရာ အသိအမြင် အသင့်အတင့်ရှိပြီး လမ်းပန်းဆက်သွယ်ရေးလည်း အသင့်အတင့်ကောင်းမွန်ပါသည်။ လျှပ်စစ်မီး ရရှိမှုမှာ အသင့်အတင့်ရှိသဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် အခွင့်အလမ်း ရှိပြီး ချေးငွေရရှိမှုလည်း အသင့်အတင့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် အခက်အခဲများအနေဖြင့် ရေလုပ်ငန်းလုပ်ကိုင်သူများသဖြင့် လုပ်သား ရရှိမှု ရှားပါးပါသည်။ ထို့အပြင် ကုန်ကြမ်းရရှိမှု မရှိသည့်အပြင် နည်းပညာ ဝန်ဆောင်လည်း မရရှိပါ။ ကျေးရွာတွင်ဈေးမရှိသဖြင့် ဒေသထွက်ကုန်များအား မိမိအိမ်၌သာ ရောင်းချကြပါသည်။ ထို့အပြင် အသက်မွေးဝမ်းကျောင်း နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများအား ရရှိရန်ခက်ခဲသည့်အပြင် အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကိုလည်း ကျွမ်းကျင် စွာ တတ်မြောက်မှုမရှိသဖြင့်အလုပ်အကိုင် အခွင့်အလမ်း နည်းပါသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများပို့ချမည် ဆိုပါက မိသားစုဝင်ငွေ တိုးပွားလာမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုများ အနေဖြင့် My Future ပုဂ္ဂလိက ချေးငွေဝန်ဆောင်မှုများမှ ထုတ်ချေးနိုင်ပြီး အတိုးနှုန်းမှာ ၁ကျပ် ၆၀ပြား ဖြစ်ပါသည်။ ငွေကျပ်(၁၀)သိန်းချေးပါက (၁)လလျှင်အတိုးအရင်းပေါင်း (၉၅၀၀၀)ကျပ်နှုန်းဖြင့် (၁၂)လ ပေးဆပ် ရပါသည်။ ငွေထုတ်ချေးရာတွင် အပေါင်ခံပစ္စည်းတစ်စုံတစ်ရာ မလိုအပ်သည့်အပြင် အတိုးများကိုလည်း (၁)လတစ်ကြိမ် အိမ်တိုင်ရာရောက်ကောက်ယူသဖြင့် အဆင်ပြေမှု ရှိပါသည်။ ထို့အပြင် ကျေးရွာရှိ ငွေချေးသူများမှ ချေးမည်ဆိုပါက အတိုးနှုန်းမှာ (၅မှ၁၀%) အကြားဖြစ်ပါသည်။ ထို့အပြင် စိုက်ပျိုးရေး လုပ်ကိုင်လိုသူများ၊ မွေးမြူရေး လုပ်ကိုင်လိုသူများ၊ အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်လိုသူများ၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းဆောင်ရွက်လိုသူများအတွက် အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေး

ပေး နေသော မြစိမ်းရောင်စိမ်းကိန်းလည်း ရှိသဖြင့် ငွေကြေးလက်လှမ်းမီများနှင့် ပတ်သက်၍ အသင့်အတင့် အဆင်ပြေမှု ရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျောက်ဝပ်ပြင်ကျေးရွာတွင် ကျေးရွာတွင်းလမ်း(၅)လမ်းရှိပြီး မြေသားလမ်းများ ဖြစ်ကြပါသည်။ အဆိုပါလမ်းများအနက် ရေဆိပ်ဆင်းလမ်းမှာ ကျေးရွာမှ ထွက်ရှိသော ထုတ်ကုန်များအား သယ်ယူရာတွင် အဓိကအသုံးပြုပြီး လမ်းကြမ်းတမ်းသဖြင့် သွားလာ ရန် ခက်ခဲနေသဖြင့် ပြုပြင်ရန် လိုအပ်နေပါသည်။ ချဉ်းကပ်လမ်းမှာ ရာဘာခြံမများကို ဖြတ်သန်း သွားလာရသော လမ်းဖြစ်ပြီး (၄/၀)မိုင်ခန့် ကွာဝေးပါသည်။ အဆိုပါလမ်းသည် ကုန်ထုတ် လမ်း သဘောရှိပြီး လမ်းကျဉ်းမြောင်းသဖြင့် ကားအဝင်အထွက် အခက်အခဲရှိသဖြင့် လမ်းဖောက်လုပ်ပါက ထွက်ကုန်များအား လွယ်ကူစွာ သယ်ယူလာနိုင်မည်ဖြစ်ပါသည်။ ကျောက်နီမော်- ကျောက်ဝပ်ပြင်- အောက်ကျောက်ဝပ်ပြင် ကျေးရွာချင်းဆက်လမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး (၅/၀)မိုင်ခန့်ရှိပြီး အရည်အသွေးကောင်းမွန်ပါသည်။ ကျေးရွာတွင် ကွန်ကရစ်တံတား(၇)စင်းရှိပြီး (၆)စင်းမှာ ကျေးရွာချင်း ဆက်လမ်းအပေါ်တွင်ရှိပြီး လမ်း ဦးစီးဌာနမှ ဆောင်ရွက်ထားပါသည်။ ရွာတွင်းလမ်းအပေါ်ရှိ ကွန်ကရစ် တံတား (၁)စင်းမှာ ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ်တွင် လွှတ်တော်ဘတ်ဂျတ်ဖြင့် ဆောင်ရွက်ထားပြီး တံတား အောက်ပိုင်းမှာ ပျက်စီးနေသဖြင့် ပြုပြင်ရန် လိုအပ်နေပါသည်။ ကျေးရွာတွင် မြစ်ကြောင်း အား ကမ်းနီးငါးဖမ်းလုပ်ငန်း ဆောင်ရွက်ရန်သာ အသုံးပြုပြီး (၂)မိုင်ခန့်ရှိကာ တစ်နှစ်ပတ် လုံး နီးပါးအသုံးပြုပါသည်။ အဆိုပါ မြစ်ကြောင်းလမ်းအတွက် လှေနှင့် စက်လှေ (၂)မျိုးစလုံး အသုံးပြုပါသည်။ ပင်လယ်ရေကြောင်း လမ်းသည် (၁၀)မိုင်ခန့်ရှိပြီး ပွင့်လင်းရာသီများတွင် ငါးဖမ်းလုပ်ငန်း ဆောင်ရွက်ရန် အသုံးပြုပါသည်။ ထို့အပြင် ကျေးရွာတွင် ရေလုပ်ငန်း လုပ်ကိုင်သူများသည် စက်လှေ သာမက လှေကိုပါ အသုံးပြုကြပါသည်။ စက်လှေကို ကမ်းဝေးငါးဖမ်းလုပ်ငန်းအတွက် အသုံးပြုပြီး လှေကိုမူ ကမ်းနီးငါးဖမ်းလုပ်ငန်းအတွက် အသုံးပြု ပါသည်။ စက်ဘီးမှာ ကျောင်းသား/သူများ ကျောင်းသို့သွားလာရာတွင် အသုံးပြုကာ (၇၈)စီး ရှိပါသည်။ မော်တော်ဆိုင်ကယ်မှာ အချို့သော သွားလာရေးကိစ္စ၊ စီးပွားရေးကိစ္စတွင် အသုံး ပြုကြပြီး အိမ်တိုင်း နီးပါးရှိကာ(၁၁၁)စီးရှိပါသည်။ သုံးဘီးဆိုင်ကယ်(၈)စီး နှင့် ကား(၉) စီးမှာ ရွာ၏သယ်ယူပို့ဆောင်ရေးကို အဓိကထား ဆောင်ရွက်ပါသည်။ထော်လာဂျီ(၃)စီးမှာ ကျေးရွာ မှထွက်ရှိသော ကုန်ပစ္စည်းများကို သယ်ယူရာ၌ အသုံးပြုကြ ပါသည်။



CamScanner

(ခ) ကျေးရွာ မီးလင်းရေး

ကျောက်ဝပ်ပြင်ကျေးရွာ၏ လျှပ်စစ်မီးရရှိမှု အခြေအနေမှာ မဟာ ဓာတ်အားလိုင်း မရရှိသေးပါ။ ယခုလက်ရှိတွင် မီးသုံးစွဲမှုမှာ ဆိုလာစနစ်(၆)စုနှင့် ဒီဇယ်သုံး အင်ဂျင်(၂၀၀)စု တို့ဖြစ်ကြပါသည်။ ဒီဇယ်သုံး အင်ဂျင်အား ဖြန့်ဝေသူ(၁)ဦးရှိပြီး နံနက်(၄:၀၀)နာရီမှ (၆:၀၀) နာရီ (၁)ကြိမ် နှင့် ညနေ(၆:၀၀)နာရီမှ ည(၁၁:၀၀)နာရီ(၁)ကြိမ် စုစုပေါင်း(၂)ကြိမ် ဖြန့်ဝေလျက် ရှိပါသည်။ လျှပ်စစ်မီးသုံးစွဲမှုအား ပုံမှန်အားဖြင့် တစ်ယူနစ်လျှင် (၆၀၀)ကျပ် ပေးရပြီး ဒီဇယ်ဆီဈေးနှုန်းတက်ပါက ဈေးနှုန်းပိုပေးရပါသည်။ ထို့ကြောင့် ကျေးရွာတွင် မဟာဓာတ်အားလိုင်း ရရှိမည်ဆိုပါက အသေးစားစက်မှု လက်မှုလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် အခွင့်အလမ်းများစွာ ရရှိလာမည်ဖြစ်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျောက်ဝပ်ပြင်ကျေးရွာတွင် ဖုန်းအရေအတွက်မှာ (၃၉၀) လုံး ရှိပြီး Mytel နှင့် MPT ဖုန်းလိုင်းများ ရရှိပါသည်။ ထို့အပြင် ရေဒီယို(၂၆)လုံးရှိပြီး အလုပ်လုပ်ကိုင်ရင်း ဖွင့်ထား တတ် လေ့ရှိရာ သတင်းအချက်အလက်နှင့် နည်းပညာများကို နားဆင့်လေ့ရှိပါသည်။ ကျေးရွာရှိ လူငယ်အများစုသည် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်သောကြောင့် သတင်းအချက်နှင့် နည်းပညာများအား Viber & Messager တို့ဖြင့်သာ ရယူလေ့ရှိကြောင်း လေ့လာတွေ့ရှိပါသည်။

၆။ ပညာရေး

ကျွန်ုပ်တို့ကျေးရွာ၏ ကျောင်းအဆင့်မှာ အလယ်တန်းကျောင်း(ခွဲ) ဖြစ်ပါသည်။ ကျောင်းသည် ကျေးရွာအဝင်တွင်ရှိပြီး ခြေလျင်၊ စက်ဘီးနှင့် မော်တော်ဆိုင်ကယ်များဖြင့် သွားလာကြပြီး ကျောင်းသူ/သားများအတွက် အဆင်ပြေမှု ရှိပါသည်။ ကျောင်းတွင် ကျောင်းသားဦးရေ (၂၀၀)ခန့်ရှိပါသည်။ ကျောင်းအဆောက်အဦပုံစံမှာ RC(၁)ထပ်ဖြစ်ပြီး (၁၀၀'×၃၀')နှင့် (၆၀'×၂၀') (၂)ဆောင်ရှိပါသည်။ (၁၀၀'×၃၀')မှာ ဆောက်လုပ်ထားသည်မှာ ကြာမြင့်နေပြီဖြစ်၍ တံခါးပေါက်၊ ပြတင်းပေါက်နှင့် အမိုးပြုပြင်ရန် လိုအပ်နေပါသည်။ (၆၀'×၂၀') မှာ အဆောင်သစ် ဖြစ်ပြီး မျက်နှာကျက်နှင့် အချောကိုင်ရန် လိုအပ်နေပါသည်။ ကျောင်းသုံးပရိဘောဂများ လုံလောက်မှု မရှိသဖြင့် စာရေးခုံ(၁၅၀)စုံနှင့်ဗီရို(၄)လုံး ဖြည့်ဆည်း လိုအပ်နေပါသည်။ ကျောင်းခြံစည်းရိုးမှာ အရှေ့မျက်နှာတစ်ဖက်သာ ကောင်းမွန်ပြီး ကျန်(၃) မျက်နှာမရှိသဖြင့် ပြုပြင်ရန် လိုအပ်နေပါသည်။ကျောင်းအိမ်သာမှာ (၃)ခန်းတွဲ(၁) လုံးရှိပြီး ကျောင်းသားဦးရေများလာသဖြင့် အိမ်သာဆောက်လုပ်ရန် လိုအပ်နေပါသည်။ အာဟာရ တိုက်ကျွေးမှုမှာ (၁)လလျှင်တစ်ကြိမ် ရှိပါသည်။ ထို့အပြင် နယ်ဝေးမှ ဆရာမများအတွက်



CamScanner

ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်လည်း လိုအပ်နေပါသည်။ ကျောင်း အဆောက်အဦများကို ကျေးရွာမှ ကိုယ်ထူကိုယ်ထဖြင့် ဆောက်လုပ်ထားပြီး ပညာရေးဘတ်ဂျတ်ဖြင့် ဆောက်လုပ်ထားသော အဆောက်အဦများ မရှိသဖြင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှာ ပူးပေါင်းအားကောင်းကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျောက်ဝပ်ပြင်ကျေးရွာရှိ ပညာရေးအခက်အခဲများအနေဖြင့် တပည့်-ဆရာအချိုးမှာ ၂၂း ၁ ခန့်ရှိသဖြင့် လုံလောက်မှုရှိပါသည်။ ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှုရှိပြီး အားကစားကွင်းလည်းရှိပါသည်။ကျေးရွာတွင် အလယ်တန်းကျောင်း(ခွဲ) ရှိသဖြင့် မူလတန်း ကျောင်းထွက်နှုန်းမှာ နည်းပါးပြီး ကျေးရွာသူ/သားများသည် ပညာရေးဆိုင်ရာ အသိအမြင်များ အသင့်အတင့် ရှိသည်ဟုဆိုနိုင်ပါသည်။ မူလတန်းမှ အထက်တန်းအထိ ပညာရေးအား အခမဲ့သင်ကြားရသဖြင့်ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှုများ မရှိသည့် အပြင် ကျောင်းသုံး စာအုပ်နှင့် စာရေးကိရိယာလည်း လုံလောက်စွာ ရရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာ၏ ပညာရေးနှင့် စာပေတတ်မြောက်မှုကို လေ့လာပါက စာမတတ်သူ ဦးရေမှာ ကျား(၁၃)ဦးနှင့် မ(၂၄)ဦးတို့ရှိပါသည်။ စာမတတ်သူများသည် မသန်စွမ်းသူများနှင့် သက်ကြီးပိုင်းအဖိုးအဖွားများဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်မှုသည် စုစုပေါင်းလူဦးရေ၏ (၃၆) ရာခိုင်နှုန်း၊ အလယ်တန်း အဆင့်စာတတ်မြောက်မှုသည် (၃၇) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်မှုသည် (၅.၄) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ် မြောက်မှုသည်(၂.၃)ရာခိုင်နှုန်းရှိပါသည်။ ကျေးရွာတွင် မူလတန်းတတ်မြောက်မှုနှုန်းနှင့် အလယ် တန်း တတ်မြောက်မှုနှုန်းမှာ တူညီလုနီးပါးရှိသော်လည်း အထက်တန်းနှင့် တက္ကသိုလ်အဆင့် တတ်မြောက်မှုမှာ သိသိသာသာလျော့နည်းလာကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျောက်ဝပ်ပြင်ကျေးရွာတွင် ယခုလက်ရှိ ပညာသင်ကြားနေသော လူဦးရေ မှာ မူလတန်းအဆင့်တွင် (၁၀၉) ဦး၊ အလယ်တန်းအဆင့်တွင် (၅၄) ဦး၊အထက်တန်း အဆင့်တွင် (၃၂) ဦး၊ တက္ကသိုလ်အဆင့်တွင် (၂၅) ဦးဖြင့် ပညာသင်ယူနေကြပါသည်။ အထက်တန်းအဆင့်ရှိသည့် ကျောင်းသား/သူများ ကျောက်နီမော်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် သွားရောက်သင်ကြားကြပြီး (၃/၀)မိုင်ခန့် ကွာဝေးပါသည်။ တက္ကသိုလ်အဆင့်ရှိသည့် ကျောင်းသား/သူများသည် ထားဝယ်မြို့တွင်ရှိသည့် ထားဝယ်တက္ကသိုလ်နှင့်အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် တက်ရောက်ကြ ပါသည်။

၇။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါသည်။ ကျန်းမာရေး ဌာနခွဲတွင် သားဖွား ဆရာမ(၁)ဦးရှိပြီး ဝန်ဆောင်မှုကောင်းပါသည်။ တိုက်နယ်ဆေးရုံမှာ သကျက်တော ကျေးရွာ တွင်ရှိပြီး ကျေးရွာမှ (၁၀)မိုင်ခန့်ကွာဝေးပါသည်။ ထို့အပြင် မြို့နယ်ဆေးရုံမှာ ကျေးရွာမှ (၂၈)မိုင်ခန့်ကွာဝေးပြီး အခန်း/ကုတင်လုံလောက်ပါသည်။ ကျေးရွာသူ/သားများသည် အများ အားဖြင့် ကျေးရွာတွင်သာ ကုသမှု ခံယူကြပြီး အရေးပေါ်ကိစ္စများ ကြုံတွေ့မှသာ တိုက်နယ် ဆေးရုံ(သို့မဟုတ်)မြို့နယ်ဆေးရုံတွင် ကုသမှုခံယူကြပါသည်။ ကျေးရွာတွင် လူနာတင်ယာဉ် (၂)စီး ရှိပြီး အရေးပေါ်ကိစ္စများကြုံတွေ့လာပါက အခမဲ့ပို့ဆောင် ပေးလေ့ရှိပါသည်။ ၎င်း အပြင် ကျေးရွာတွင် ဆေးဆိုင်လည်းရှိပြီး စနစ်တကျသိုလှောင်မှုလည်းရှိပါသည်။ ကျေးရွာ တွင် ဝမ်းပျက်ဝမ်းလျှော၊ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ၊နှလုံးရောဂါ၊ HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများနှင့် အခြားကူးစက် နိုင်သော ရောဂါများမှာ အနည်းငယ်ဖြစ်ပွားကြပါသည်။ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါမှာ ဖြစ်ပွားမှုနှုန်းမှာ မြင့်မားပါသည်။ ထို့အပြင် မိုးရာသီ၌ ကလေးများတွင် သွေးလွန်တုတ်ကွေးဖြစ်ပွားမှု အနည်းအငယ်ရှိတတ်ပြီး အချိန်မီကုသနိုင်သဖြင့် သေဆုံးမှုများ မရှိပါ။

ကျေးရွာတွင် လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေး ထိုးမှုမှာ အဆုတ်ရောဂါ မှတပါး အခြားသောရောဂါများအတွက် ကာကွယ်ဆေးထိုးခြင်းများရှိပါ သည်။ ထို့အပြင် (၅)နှစ်အောက်ကလေးသူငယ်များအား ကလေးပေါင်ချိန်ခြင်း၊ အာဟာရ တိုက်ကျွေး ခြင်းအား လစဉ်ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာမှ ကျန်းမာရေး အဖွဲ့မှာ သံဓာတ် အားဆေးတိုက်ကျွေးခြင်း၊ သန်ဆေးတိုက်ကျွေးခြင်းများကို အိမ်တိုင်ရာရောက် ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။ ကျေးရွာ၏ သန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲမှုမှာ ရွာ၏ (၆၇%)ခန့် ရှိပါသည်။ မသန့်ရှင်းသောအိမ်သာသုံးစွဲမှာ ကျေးရွာ၏ (၃၃%)ရှိပြီး အိမ်သာမရှိသော အိမ်ထောင်စု(၅၆)စုရှိပါသည်။ ကျေးရွာတွင် အိမ်သာမရှိသော အိမ်ထောင်စုမှာ (၂၈%)ခန့် ရှိသဖြင့် သန့်ရှင်းသောအိမ်သာ သုံးစွဲမှုနှင့် ပတ်သက်၍ ကျန်းမာရေးပညာပေး ဟောပြော ပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

ကျေးရွာတွင် လက်တူးတွင်းအား အသုံးပြုသူ (၅၄) ရှိပြီး သောက်သုံးရေအား မိုးရာသီနှင့် ဆောင်းရာသီသာ လုံလောက်စွာအသုံးပြုနိုင်ပြီး နွေရာသီတွင် ရေရှားပါးမှု အနည်းငယ် ဖြစ်ပွားတတ်ပါသည်။ ထို့အပြင် ကျေးရွာပိုင် စိမ့်စမ်းရေမှ အိမ်ထောင်စု (၁၂၈)စုက ရေပိုက်သွယ်တန်းထားကာ အသုံးပြုလျက်ရှိပါသည်။



CamScanner

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျောက်ဝပ်ပြင်ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် အခက်အခဲများမှာ နှစ်စဉ်ရေကြီးရေလျှံမှုများ၊ ဆားငန်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် မြေဆီလွှာပျက်စီးမှု ရှိပါသည်။ ဒီရေတောများမှာ ခုတ်ထွင်မှုများ ရှိနေသဖြင့် ရှားပါးလာပြီး တိရစ္ဆာန်မျိုးကွဲများမှာလည်း ဖမ်းဆီးမှုများလာသဖြင့် ရှားပါးလာပါသည်။ ထို့ကြောင့် ကျေးရွာမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရန် လိုအပ်နေပါသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အမှိုက်ပစ်ရန်နေရာ၊ အမှိုက်ကန်ဟူ၍ သီးသန့်သတ်မှတ်ထားခြင်း မရှိသဖြင့် နေအိမ်များတွင် မီးရှို့ကြပါသည်။ အချို့မှာ မြစ်ကမ်း ဘေးတွင် စွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ရှိလာနိုင်ပါသည်။ ထို့ကြောင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ စီမံချက်များ စနစ်တကျရေးဆွဲထားသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျောက်ဝပ်ပြင်ကျေးရွာတွင် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှု အပိုင်းတွင် အသင့်အတင့်ပါဝင်မှုရှိသည့်အပြင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/ အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများ မရှိခဲ့ပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ အတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှုမှာ အများအားဖြင့် အချို့အမျိုးသမီးများက သိသလို၊ အချို့အမျိုးသမီးများလည်း မသိသေးပါ။ ထို့ကြောင့် တရားဥပဒေ နှင့် ပတ်သတ်ပြီး အသိပညာပေးဟောပြောပွဲများ ပြုလုပ်လိုကြပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ကျောက်ဝပ်ပြင် | | | ကျေးရွာအမည် - ကျောက်ဝပ်ပြင် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ကျောင်းဆောင်အသစ် မျက်နှာကျက်တပ်ဆင်ခြင်း | |
| ၂ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ကျောင်းဆောင်အသစ် အချောကိုင်ခြင်း(၆၀'×၂၀'×၁၁') | |
| ၃ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ကျောင်းဆောင်ဟောင်း အမိုး၊ ပြတင်းပေါက်၊ တံခါးပေါက်များပြုပြင်ခြင်း | |
| ၄ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အ.လ.ကကျောင်းခြံစည်းရိုးကာရံခြင်း(၃၀၁'×၅') | |
| ၅ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာရေးခုံ(၁၅၀)စုံဖြည့်ဆည်းခြင်း | |
| ၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ပရိဘောဂ(ဗီရို) (၄)လုံးဖြည့်ဆည်းခြင်း | |
| ၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ကျောင်းတွင် (၂)ခန်းတွဲအိမ်သာဆောက်လုပ်ခြင်း | |
| ၈ | ငွေကြေး | ဘဏ် | ငွေကြေးဝန်ဆောင်မှုကဏ္ဍ တိုးတက်အောင်ပြုပြင်ပြောင်းလဲခြင်း။ | |
| ၉ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊<br>ကျောင်းကျန်းမာရေး | အိမ်တိုင်း ယင်လုံအိမ်သာသုံးစွဲလာစေရန် ပညာပေး လုပ်ဆောင်ခြင်း။ | |
| ၁၀ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရေဆိပ်ဆင်းလမ်းမြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း(၁၂၀၀'×၁၂'×၆") | |
| ၁၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွမ်းလမ်းပေါ်ရှိကွန်ကရစ်တံတားပြုပြင်ခြင်း(၂၄'×၁၂'×၈') | |
| ၁၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | သုသာန်သွားလမ်းကွန်ကရစ်ခင်းခြင်း(၈၀၀'×၁၂'×၆") | |
| ၁၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကုန်ထုတ်လမ်း(၂/၀)မိုင် ဖောက်လုပ်ခြင်း | |
| ၁၄ | အခြေခံ အဆောက်အဦ | အညစ်အကြေး | စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် စုပေါင်းလုပ်ဆောင်ခြင်း။ | |
| ၁၅ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၁၆ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ ဖွင့်လှစ်ခြင်း (ကွန်ပျူတာ၊ စက်ချုပ်၊ စက်ပြင်၊ ဆိုင်ကယ်ပြင်) | |
| ၁၇ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | လျှပ်စစ်မီး ချိတ်ဆက်သွယ်တန်းရန် သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်ချိတ်ဆက်ခြင်း။ | |
| ၁၈ | ကျေးရွာတည်ငြိမ်ရေးနှင့် အေးကင်းလုံခြုံရေး | မှုခင်း | မှုခင်းလျော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှု ရရှိရန် ဆောင်ရွက်ခြင်း | |

နောက်ဆက်တွဲ (၁)

ကျောက်ဝပ်ပြင်ကျေးရွာ ၊ ကျောက်ဝပ်ပြင်ကျေးရွာအုပ်စု ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးကျော်စွာလင်း | ဦးနေလင်း | ၆/လလန(နိုင်) ၀၇၉၀၂၇ | ၃၆ | နာယက | ၀၉-၂၆၂၁၉၇၈၅၇ |
| ၂ | ဦးသန်းရှိ | ဦးလှဖေ | ၆/လလန(နိုင်)၀၀၇၂၈၉ | ၇၀ | နာယက | - |
| ၃ | ဒေါ်ဘောဘီဒွေး | ဦးမောင်ဝင်း | ၆/လလန(နိုင်)၀၈၃၀၉၂ | ၄၇ | နာယက | ၀၉-၂၅၆၉၉၉၁၅၆ |
| | | | | | | |
| ၁ | ဦးသန်းမြင့် | ဦးဘဟန် | ၆/လလန(နိုင်)၀၀၆၉၀၀ | ၇၈ | ဥက္ကဋ္ဌ | ၀၉- ၈၉၂၀၈၃၃၀ |
| ၂ | ဦးဝင်းဦး | ဦးညံ့တင် | ၆/လလန(နိုင်)၀၀၆၈၄၄ | ၅၇ | အတွင်းရေးမှူး | ၀၉-၄၄၉၄၇၀၇၈၁ |
| ၃ | ဦးညီညီဇော်မင်း | ဦးမြကြည် | ၁၀/လနမ(နိုင်)၀၁၀၃၀၀ | ၅၇ | ဘဏ္ဍာရေးမှူး | ၀၉-၄၀၁၄၇၅၆၅၆ |
| ၄ | ဒေါ်မြင့်ဟို | ဦးသိန်းအောင် | ၆/လလန(နိုင်)၀၂၆၃၉၆ | ၆၁ | စာရင်းကိုင် | ၀၉-၂၆၂၉၃၁၀၅၉ |
| ၅ | ဦးဝင်းမြ | ဦးချစ်ဦး | ၆/လလန(နိုင်)၀၀၆၉၀၁ | ၆၆ | အဖွဲ့ဝင် | ၀၉-၄၂၂၂၁၈၇၂၇ |
| ၆ | ဒေါ်မျိုးညွန့် | ဦးလွန်းသင် | ၆/လလန(နိုင်)၀၀၆၇၃၃ | ၆၀ | အဖွဲ့ဝင် | - |
| ၇ | ဒေါ်တင်ဝမ်း | ဦးတင်ရှိန် | ၆/လလန(နိုင်)၀၀၆၇၄၅ | ၄၉ | အဖွဲ့ဝင် | ၀၉-၄၂၆၈၆၀၇၁၆ |

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၁၆ | ၂၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၇ | ၃၇ | ၇၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၈ | ၃၉ | ၇၈ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၆ | ၄၁ | ၈၇ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၀၂ | ၄၀၂ | ၈၀၄ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၄ | ၄၀ | ၆၄ |
| စုစုပေါင်း | | ၅၆၂ | ၅၆၆ | ၁၁၂၈ |
| စုစုပေါင်း အိမ်ထောင်စု | | ၂၀၀ | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဝပ်ပြင်ကျေးရွာတွင် အိမ်ထောင်စု(၂၀၀)စုရှိပြီး ကျား(၅၆၂)ဦးနှင့် မ(၅၆၆) ဦး၊ စုစုပေါင်းလူဦးရေ (၁၁၂၈)ဦးရှိပါသည်။ တစ်နှစ်အောက် နို့စို့အရွယ်များမှာ (၂၁)ဦးရှိပြီး အလွန်နည်းပါးသဖြင့် အိမ်ထောင်သည်များ သားဆက်ခြားဆက်ရာ အသိပညာတိုးတက်လာမှု ရှိသည်ဟုဆိုနိုင်ပါသည်။ (၅)နှစ်အောက် ကလေးများနှင့်(၆၅)နှစ်အထက် လူကြီးများ အသင့်အတင့် ရှိပါသည်။ (၅)နှစ်မှ (၁၄)နှစ်အထိ ကျောင်းနေရွယ်ကလေးများမှာ ကျေးရွာတွင် (၁၆၅)ဦးရှိပြီး ကျေးရွာ၏(၁၅%)ခန့် ရှိပါသည်။ (၁၅)နှစ်မှ (၆၄) နှစ်အထိ လူဦးရေမှာ အများဆုံးဖြစ်ပြီး သူတို့သည် အလုပ်လုပ်ကိုင်နိုင် သူများဖြစ်ကြသည်။ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင်ကျား၊ မလူနေမှု အချိုးအစားမှာ တူညီ လုနီးပါးရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| | လယ်ယာစိုက်ပျိုးရေး | | | | |
| ၁ | ကိုယ်ပိုင် လုပ်ငန်း | ၂၇ | ၃၈ | ၁၈ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၅ | မြင့် ☐ လတ် ☐ နိမ့် ☐ |



CamScanner

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | အဓိက အလုပ်အကိုင် မိသားစုဝင်လုပ်အား | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၆ | ၃၅ | ၄ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆၇ | ၈၃ | ၂၆ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၆ | ၃ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၉ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂ | ၁၉ | ၂၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၂ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၃ | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |



CamScanner

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၃၈ | ၈၁ | ၆၅ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | | | | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် "မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ - "စိုက်ပျိုးရေး" ကဏ္ဍ

၏ "ကိုယ်ပိုင်လုပ်ငန်း"တွင် ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဝပ်ပြင်ကျေးရွာတွင် အဓိက အသက်မွေး ဝမ်းကျောင်းအဖြစ် ရေလုပ်ငန်းအား လုပ်ကိုင်ကြပါသည်။ ထို့အပြင် ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းများအနေဖြင့် လက်သမား၊ ပန်းရံ၊ ဝပ်ရှော့ဆိုင်၊ အလှူမီနီယံလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ဥယျာဉ်ခြံ လုပ်ငန်း၊ ၊ လက်ဖက်ရည်ဆိုင်၊ အလှပြင်ဆိုင် ၊ အပ်ချုပ်၊ ပို့ဆောင်ရေးလုပ်ငန်းနှင့် ပညာရေး ဝန်ထမ်း တို့ဖြစ် ကြပါသည်။ ထိုင်းနိုင်ငံ၌ သွားရောက်လုပ်ကိုင်နေသည့် မိသားစုဝင် များထံမှ အပြည့်အဝမှီခို နေရသည့် အိမ်ထောင်စုများလည်း ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော လုပ်ငန်းအုပ်စုအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် စားဝတ်နေရေး အဆင်ပြေ စေရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်လျက်ရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၁၂၀၀၀ | | ၈၀၀၀ | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | | ၁၀၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | ၁၅၀၀၀ | | ၁၀၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | ၁၅၀၀၀ | | ၈၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | ၇၀၀၀ | | ၅၀၀၀ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရေလုပ်ငန်းအား အဓိကထားလုပ်ကိုင်ကြပြီး တစ်နေ့လျှင်



CS CamScanner

လုပ်အားခနှုန်းထား (၁၅၀၀၀-၁၀၀၀၀) အကြားရရှိပါသည်။ ထို့အပြင် ဆောက်လုပ်ရေး အလုပ်သမားများမှာ တစ်ရက်လျှင် အများဆုံး (၁၅၀၀၀) ကျပ်မှ အနည်းဆုံး (၁၀၀၀၀) အထိ ရရှိပါသည်။ ကျွမ်းကျင်ပညာရှင်များ အနေဖြင့် အပ်ချုပ်သမားများရှိပြီး လုပ်အားခနှုန်းထားမှာ အများဆုံး (၁၅၀၀၀)မှ အနည်းဆုံး (၈၀၀၀)အထိ ရရှိပါသည်။ အပ်ချုပ်သမားများမှာ ပွင့်လင်းရာသီများ၌ ဝင်ငွေပိုရရှိပြီး မိုးရာသီ၌ ဝင်ငွေရရှိနိုင်မှု နည်းပါသည်။ ကားဝပ်ရှော့နှင့် မော်တော်ဆိုင်ကယ်ပြင်ဆိုင်ကဲ့သို့သော ပြင်ဆင်ရေးလုပ်ငန်းများမှာ တစ်နေ့လျှင် (၁၀၀၀၀-၁၅၀၀၀)အကြား ရရှိပါသည်။ ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းကိုမူ အမျိုးသားရော အမျိုးသမီးပါ လုပ်ကိုင်ကြပြီး လုပ်အားခနှုန်းထားမှာ အနည်းငယ်မျှသာ ကွာခြားမှု ရှိပါသည်။ထို့အပြင် ဥယျာဉ်ခြံလုပ်ငန်းကိုလည်း ကိုယ်ပိုင်အဖြစ်သာလုပ်ကိုင်ကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂၄.၅ | ကောင်း ☐ | သင့် ☑ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂၇၅.၂ | ကောင်း ☑ | သင့် ☐ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၄.၂ | ကောင်း ☐ | သင့် ☑ | ညံ့ ☐ |
| ဓနိတောမြေ | ၁၂.၉ | ကောင်း ☐ | သင့် ☑ | ညံ့ ☐ |
| စားကျက်မြေ | ၈ | ကောင်း ☐ | သင့် ☑ | ညံ့ ☐ |
| မြေလွတ် မြေလပ် | ၈၁.၂ | ကောင်း ☐ | သင့် ☐ | ညံ့ ☑ |
| စုစုပေါင်း | ၄၀၆ | ☒ | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဥယျာဉ်ခြံလုပ်ငန်းကို အများအားဖြင့် လုပ်ကိုင်ကြပြီး ကွမ်းသီးနှင့် ဒညင်းသီးအား အဓိကစိုက်ပျိုးကာ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ကြပါသည်။ စပါးကို တောင်ယာမြေအပေါ်တွင် စိုက်ပျိုးပြီး စိုက်ဧက(၂၀)ခန့်ရှိပါသည်။ မြေလွတ်မြေလပ် (၈၁.၂)ဧကရှိသော်လည်း ရေလွှမ်းမိုးခြင်း ခံထားရသဖြင့် စိုက်ပျိုးမြေအဖြစ် အသုံးပြု၍ မရပါ။



CamScanner

### .(ဂ-၂) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ခတ်ငွေ၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဝပ်ပြင်ကျေးရွာတွင် ခတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ် များ မထွက်ရှိပါ။ သို့သော် သဲထွက်ရှိမှု အသင့်အတင့်ရှိပြီး အသုံးချနိုင်မှုလွယ်ကူပါသည်။ သဘာဝ ဆေးဖက်ဝင်အပင်များ အနေဖြင့် ဂမုန်းနှင့် ဆင်တုံးမနွယ်အပင်များကို တွေ့ရှိနိုင်ပြီး အသုံးချနိုင်မှုလည်း လွယ်ကူပါသည်။ကျေးရွာတွင် သဘာဝမျိုးစေ့အပင်များနှင့် သဘာဝ တိရစ္ဆာန်မျိုးစေ့များ မရှိပါ။ ထို့အပြင် တောကြက်၊ တောဝက်၊ ချေ၊ တောမျောက်၊ ရှဉ့်နှင့် မြွေများကို ဥယျာဉ်ခြံများတွင် တစ်ခါတစ်ရံတွေ့ရတတ်ပါသည်။

### (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၃၀ | ၈၀ | ၇၀ | ၂၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဝပ်ပြင်ကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စု၏ (၁၅%) သည် အဆင်ပြေသော အိမ်ထောင်စုများဖြစ်ပြီး ကိုယ်ပိုင်ဥယျာဉ်ခြံစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများ လုပ်ကိုင်ကြသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ (၄၀%) ရှိပြီး ရေလုပ်ငန်းနှင့် တစ်ပိုင် တစ်နိုင် ဈေးဆိုင်များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ထိုအိမ်ထောင်စုများသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သော အိမ်ထောင်စုများနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများသည် ရာသီအလိုက်ကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ဈေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၂၂ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၅___<br>လုပ်အားခကြိုယူ = ___၁၇___ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဝပ်ပြင်ကျေးရွာတွင် မပြေလည်သောအိမ်ထောင်စု(၇၀)နှင့် အလွန်မပြေလည်သော အိမ်ထောင်စု(၂၀)စုရှိပြီး ချေးယူ၍ ဖြေရှင်းကြပါသည်။ စုစုပေါင်း(၉၀) အိမ်ထောင်စု၏ (၃၀)ရာခိုင်နှုန်းကို စစ်တမ်းကောက်ယူမှုအရ ချေးယူခြင်း၊ လုပ်အားခ ကြိုယူခြင်းများဖြင့် မိသားစုစားဝတ်နေရေး ဖြေရှင်းကြပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဝပ်ပြင်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော ၆၄နှစ်နှင့် အထက်များ မရှိပါ။ ထို့အပြင် မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်အိမ်ထောင်စုနှင့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စုများ မရှိပါ။သို့သော် ကျေးရွာတွင် မသန်စွမ်း(၆)ဦးရှိပြီး မွေးရာပါပိုလီယို ရောဂါကြောင့် ဖြစ်ပါသည်။ မသန်စွမ်းသူများသည် (၁၀)ကျော်သက်ရွယ်များဖြစ်ကြပြီး မိသားစုများမှ စောင့်ရှောက်ထားသူများ ဖြစ်ကြပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၃ | ရေကြီးခြင်း | မြင့် ☑ | လတ် ☐ | နိမ့် ☐ | မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၇ | လျှပ်စီး | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ | လတ် ☑ | နိမ့် ☐ | မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ | လတ် ☑ | နိမ့် ☐ | မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | ဆေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဝပ်ပြင်ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေများ အနေဖြင့် ရေကြီးခြင်းအား နှစ်စဉ်ကြုံတွေ့ရလေ့ရှိပြီး ထိခိုက်လွယ်မှုလည်း မြင့်ပါသည်။ ထို့အပြင် ဆားငန်ရေဝင်ရောက်မှု၊ မြေပြိုခြင်းများကိုလည်း တွေ့ကြုံခံစားရပြီး ထိခိုက်လွယ်မှု အလယ်အလတ် ရှိပါသည်။ကျေးရွာတွင် ဒီရေတောများရှိသော်လည်း ထိန်းသိမ်းမှုမရှိသဖြင့် ထိခိုက်လွယ်မှု အနည်းငယ်ရှိနေပါသည်။ ကျေးရွာသည် ရေလုပ်ငန်းအား အဓိက အသက်မွေး ဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်သဖြင့် ဒီရေတောများ မပြုန်းတီးစေရေး ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေပါသည်။ ထို့ကြောင့် ကျေးရွာတွင် ပွင့်လင်းရာသီတွင် သဘာဝဘေးအန္တရာယ်အနေဖြင့် ထိခိုက်လွယ်မှု နည်းပါးသော်လည်း မိုးရာသီတွင် ထိခိုက် လွယ်မှုများ မြင့်မားကြောင်း လေ့လာတွေ့ရှိရပါသည်။

### (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |



CamScanner

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

| ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၄၂၀၀' | | | | | | | | |
| င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်☑ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | |
| စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☑ | | | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐ | | |
| ဆ။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | |
| ဇ။ ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☑ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | |
| ဈ။ ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | - | ၇ | ၇ | | | | | | |
| ကျေးရွာခန့် | - | ၂ | ၂ | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာ၏ ကျောင်းအဆင့်မှာ အလယ်တန်းကျောင်း(ခွဲ) ဖြစ်ပါသည်။ကျောင်းသည် ကျေးရွာအဝင်တွင်ရှိပြီး ခြေလျင်၊စက်ဘီးနှင့် မော်တော်ဆိုင်ကယ်များဖြင့် သွားလာကြပြီး ကျောင်းသူ/သားများအတွက် အဆင်ပြေမှုရှိပါသည်။ ကျောင်းတွင် ကျောင်းသား ဦးရေ(၂၀၀)ခန့်ရှိပါသည်။ ကျောင်းအဆောက်အဦပုံစံမှာ RC(၁)ထပ်ဖြစ်ပြီး (၁၀၀'×၃၀')နှင့် (၆၀'×၂၀') (၂)ဆောင်ရှိပါသည်။ (၁၀၀'×၃၀')မှာ ဆောက်လုပ်ထားသည်မှာ ကြာမြင့်နေပြီဖြစ်၍ တံခါးပေါက်၊ ပြတင်းပေါက်နှင့် အမိုးပြုပြင်ရန် လိုအပ်နေပါသည်။ (၆၀'×၂၀') မှာ အဆောင်သစ် ဖြစ်ပြီး မျက်နှာကျက်နှင့် အချောကိုင်ရန် လိုအပ်နေပါသည်။ ကျောင်းသုံးပရိဘောများ လုံလောက်မှု မရှိသဖြင့် စာရေးခုံ (၁၅၀)စုံနှင့် ဗီရို(၄)လုံး ဖြည့်ဆည်းလိုအပ်နေပါသည်။ ကျောင်းခြံစည်းရိုးမှာ အရှေ့မျက်နှာတစ်ဖက်သာ ကောင်းမွန်ပြီး ကျန်(၃)မျက်နှာမရှိသဖြင့် ပြုပြင်ရန် လိုအပ်နေပါသည်။ ကျောင်းအိမ်သာမှာ (၃)ခန်းတွဲ(၁) လုံးရှိပြီး ကျောင်းသားဦးရေများလာသဖြင့် အိမ်သာ ဆောက် လုပ်ရန် လိုအပ်နေပါသည်။ အာဟာရတိုက်ကျွေးမှုမှာ (၁)လလျှင်တစ်ကြိမ် ရှိပါသည်။ ထို့အပြင် နယ်ဝေးမှ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်လည်း လိုအပ်နေပါသည်။ ကျောင်း အဆောက်အဦများကို ကျေးရွာမှ ကိုယ်ထူကိုယ်ထဖြင့် ဆောက်လုပ်ထားပြီး ပညာရေးဘတ်ဂျတ်ဖြင့် ဆောက်လုပ်ထားသော အဆောက်အဦများ မရှိသဖြင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှာ ပူးပေါင်း အားကောင်းကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဆ-၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် ☐ မလုံလောက် ☑ |
| တပည့် - ဆရာ အချိုး | ၄၀ : ၁ အောက် ☐ ၄၀ : ၁ အထက် ☑ |



CS CamScanner

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် | | | |
|---|---|---|---|---|
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ ☐ | နည်း ☑ | လတ် ☐ | များ ☐ |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | ရှိ ☐ | | မရှိ ☑ | |
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | လုံလောက် ☑ | | မလုံလောက် ☐ | |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | မြင့် ☐ | | အသင့်အတင့် ☐ | |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု | မရှိ ☐ | | နည်း ☐ | |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကောင်း ☑ | သင့် ☐ | | ညံ့ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဝပ်ပြင်ကျေးရွာရှိ ပညာရေးအခက်အခဲများအနေဖြင့် တပည့်-ဆရာအချိုးမှာ ၂၂း ၁ ခန့်ရှိသဖြင့် လုံလောက်မှုရှိပါသည်။ ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှုရှိပြီး အားကစားကွင်းလည်းရှိပါသည်။ကျေးရွာတွင် အလယ်တန်းကျောင်း(ခွဲ) ရှိသဖြင့် မူလတန်း ကျောင်းထွက်နှုန်းမှာ နည်းပါးပြီး ကျေးရွာသူ/သားများသည် ပညာရေးဆိုင်ရာ အသိအမြင်များ အသင့်အတင့် ရှိသည်ဟုဆိုနိုင်ပါသည်။ မူလတန်းမှ အထက်တန်းအထိ ပညာရေး အားအခမဲ့သင်ကြားရသဖြင့် ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှုများ မရှိသည့်အပြင် ကျောင်းသုံး စာအုပ်နှင့် စာရေးကိရိယာလည်း လုံလောက်စွာ ရရှိပါသည်။

### (၉) ကျန်းမာရေးနှင့် အာဟာရ

### (၉-၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၆ | တီဘီ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၇ | ဆီးချို | မြင့်☑ | နိမ့်☐ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☑ | နိမ့်☐ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☑ | မရှိ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဝပ်ပြင်ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော၊ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ၊နှလုံးရောဂါ၊ HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများနှင့် အခြားကူးစက်နိုင်သော ရောဂါများမှာ အနည်းငယ်ဖြစ်ပွားကြပါသည်။ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါမှာ



CS CamScanner

ဖြစ်ပွားမှုနှုန်းမှာ မြင့်မားပါသည်။ ထို့အပြင် မိုးရာသီ၌ ကလေးများတွင် သွေးလွန်တုတ်ကွေးဖြစ်ပွားမှု အနည်းအငယ်ရှိတတ်ပြီး အချိန်မီကုသနိုင်သဖြင့် သေဆုံးမှုများ မရှိပါ။

### (၈-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✓ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | ✓ | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဝပ်ပြင်ကျေးရွာတွင် လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးမှုမှာ အဆုတ်ရောဂါ မှတပါး အခြားသောရောဂါများအတွက် ကာကွယ်ဆေးထိုးခြင်းများရှိပါသည်။ ထို့အပြင် (၅)နှစ်အောက်ကလေးသူငယ်များအား ကလေးပေါင်ချိန်ခြင်း၊ အာဟာရ တိုက်ကျွေးခြင်းအား လစဉ်ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာမှ ကျန်းမာရေး အဖွဲ့မှာ သံဓာတ်အားဆေးတိုက်ကျွေးခြင်း၊ သန်ဆေးတိုက်ကျွေးခြင်းများကို အိမ်တိုင်ရာရောက် ဝန်ဆောင်မှု ပေးလျက် ရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနရှိသဖြင့် ကျန်းမာရေးဝန်ဆောင်မှုအား အချိန်မီရရှိပါသည်။

### (၈-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☑ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☑<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |



CamScanner

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☑ | ရှိ ☑<br>မရှိ ☐ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် ရှိသည် ☑<br>ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် မရှိပါ ☐ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည် ☑<br>ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားခြင်း မရှိပါ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါသည်။ ကျန်းမာရေးဌာနခွဲတွင် သားဖွားဆရာမ(၁)ဦးရှိပြီး ဝန်ဆောင်မှုကောင်းပါသည်။ တိုက်နယ်ဆေးရုံမှာ သကျက်တော ကျေးရွာတွင်ရှိပြီး ကျေးရွာမှ (၁၀)မိုင်ခန့်ကွာဝေးပါသည်။ ထို့အပြင် မြို့နယ်ဆေးရုံမှာ ကျေးရွာမှ (၂၈)မိုင်ခန့်ကွာဝေးပြီး အခန်း/ကုတင်လုံလောက်ပါသည်။ ကျေးရွာသူ/ သားများသည် အများအားဖြင့် ကျေးရွာတွင်သာ ကုသမှု ခံယူကြပြီး အရေးပေါ်ကိစ္စများ ကြုံတွေ့မှသာ တိုက်နယ်ဆေးရုံ(သို့မဟုတ်)မြို့နယ်ဆေးရုံတွင် ကုသမှုခံယူကြပါသည်။ ကျေးရွာတွင် လူနာတင်ယာဉ်(၂)စီးရှိပြီး အရေးပေါ်ကိစ္စများကြုံတွေ့လာပါက အခမဲ့ပို့ဆောင် ပေးလေ့ရှိပါသည်။ ၎င်းအပြင် ကျေးရွာတွင် ဆေးဆိုင်လည်းရှိပြီး စနစ်တကျသိုလှောင်မှုလည်းရှိပါသည်။

**(ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(ဈ-၁) သောက်သုံးရေ ရရှိမှု**

ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ်စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | ၅၄ | ရှိ☐ မရှိ☑ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| အဝီစိတွင်း/စက်တပ် | ၁၈ | ရှိ☐ မရှိ☑ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |



CamScanner

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ်စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| အဝီစိတွင်း/ တုံကင် | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မိုးရေ သိုလှောင်ကန် | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မြစ်/ချောင်းရေ | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| ရေကန် | | ရှိ☐ မရှိ☑ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| စိမ့်စမ်းရေ | ၁၂၈ | ရှိ☐ မရှိ☑ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာတွင် လက်တူးတွင်းအား အသုံးပြုသူ (၅၄) ရှိပြီး သောက်သုံးရေအား မိုးရာသီနှင့် ဆောင်းရာသီသာ လုံလောက်စွာအသုံးပြုနိုင်ပြီး နွေရာသီတွင် ရေရှားပါးမှု အနည်းငယ် ဖြစ်ပွားတတ်ပါသည်။ ထို့အပြင် ကျေးရွာပိုင် စိမ့်စမ်းရေမှ အိမ်ထောင်စု (၁၂၈)စုက ရေပိုက်သွယ်တန်းထားကာ အသုံးပြုလျက်ရှိပါသည်။

**(ဈ-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား: (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၁၂ |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၂၁ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၈ |
| တွင်းမရှိ အိမ်သာ | ၁၃ |
| အိမ်သာမရှိ | ၅၆ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။



CamScanner

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဝပ်ပြင်ကျေးရွာ၏ သန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲမှုမှာ ရွာ၏ (၆၇%)ခန့်ရှိပါသည်။ မသန့်ရှင်းသောအိမ်သာသုံးစွဲမှာ ကျေးရွာ၏ (၃၃%)ရှိပြီး အိမ်သာမရှိသော အိမ်ထောင်စု(၅၆)စုရှိပါသည်။ ကျေးရွာတွင် အိမ်သာမရှိသောအိမ်ထောင်စုမှာ (၂၈%)ခန့်ရှိသဖြင့် သန့်ရှင်းသောအိမ်သာ သုံးစွဲမှုနှင့် ပတ်သက်၍ ကျန်းမာရေးပညာပေးဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။ အိမ်သာမရှိသောအိမ်ထောင်စုများသည် ခနိတောများ၊ ပင်လယ်ကမ်းစပ်များတွင် ကြုံသလိုဖြေရှင်းကြပါသည်။

(ည) ကျား – မ ရေးရာ

ဇယား (၃၉) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☑ | မရှိ ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ☑ | မရှိ ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ ☐ | မရှိ ☑ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | ရှိ ☐ | မရှိ ☑ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဝပ်ပြင်ကျေးရွာတွင် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှု အပိုင်းတွင် အသင့်အတင့်ပါဝင်မှုရှိသည့်အပြင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/ အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများ မရှိခဲ့ပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှုမှာ အများအားဖြင့် အချို့ အမျိုးသမီးများက သိသလို၊ အချို့အမျိုးသမီးများ လည်းမသိသေးပါ။ ထို့ကြောင့် တရားဥပဒေနှင့် ပတ်သတ်ပြီး အသိပညာပေးဟောပြောပွဲများ ပြုလုပ်လိုကြပါသည်။

**(ဋ) အခြေခံ အဆောက်အဦများ အခြေအနေ**

**(ဋ-၁) ကျေးရွာ၏ လမ်းတည်ရှိမှု**

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☑ ၂☐ ၃☐<br>၄☐ ၅☐ | ကောင်း:☐<br>သင့် ☐<br>ညံ့ ☑ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | မွှင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး:☑ | ၀–၁ မိုင် ☑<br>၁–၅ မိုင် ☐<br>၅–၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ချဉ်းကပ်လမ်း | ၁☑ ၂☐ ၃☐<br>၄☐ ၅☐ | ကောင်း:☐<br>သင့် ☐<br>ညံ့ ☑ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☑ | မွင့်လင်း ရာသီ ☑<br>တစ်နှစ်ပတ်လုံး:☐ | ၀-၁ မိုင် ☐<br>၁-၅ မိုင် ☑<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☐ ၂☐ ၃☐<br>၄☐ ၅☑ | ကောင်း:☑<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☑ | မွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး:☑ | ၀-၁ မိုင် ☐<br>၁-၅ မိုင် ☑<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ကွန်ကရစ်လမ်း -၄၊ကတ္တရာလမ်း -၅

လေ့လာတွေ့ရှိချက်။ ။ ကျောက်နီမော်ကျေးရွာတွင် ကျေးရွာတွင်းလမ်း(၅)လမ်းရှိပြီး မြေသားလမ်း(၁)လမ်းများဖြစ်ကြပါသည်။ အဆိုပါလမ်းများအနက် ရေဆိပ်ဆင်းလမ်းမှာ ကျေးရွာမှ ထွက်ရှိသောထုတ်ကုန်များအား သယ်ယူရာတွင် အဓိကအသုံးပြုပြီး လမ်းကြမ်းတမ်းသဖြင့် သွားလာရန် ခက်ခဲနေသဖြင့် ပြုပြင်ရန် လိုအပ်နေပါသည်။ ချဉ်းကပ်လမ်းမှာ ရာဘာခြံမများကို ဖြတ်သန်းသွားလာရသော လမ်းဖြစ်ပြီး (၄/၀)မိုင်ခန့် ကွာဝေးပါသည်။ အဆိုပါလမ်းသည် ကုန်ထုတ်လမ်းသဘောရှိပြီး လမ်းကျဉ်းမြောင်းသဖြင့် ကားအဝင်အထွက်အခက်အခဲရှိသဖြင့် လမ်းဖောက်လုပ်ပါက ထွက်ကုန် များအား လွယ်ကူစွာ သယ်ယူလာနိုင်မည်ဖြစ်ပါသည်။ ကျောက်နီမော်-ကျောက်ဝပ်ပြင်-အောက်ကျောက်ဝပ်ပြင် ကျေးရွာချင်းဆက်လမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး (၅/၀)မိုင်ခန့်ရှိပြီး အရည်အသွေးကောင်းမွန်ပါသည်။

**(၄-၂) ကျေးရွာ၏ တံတားတည်ရှိမှု**

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | | ကောင်း: ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | မွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကွန်ကရစ် တံတား | ၁၈'×၈'×၅' | ကောင်း: ☐<br>သင့် ☐<br>ညံ့ ☑ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | မွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☑ |
| သစ်သား တံတား | | ကောင်း: ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | မွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကြိုးတံတား | | ကောင်း: ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | မွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ဝါးတံတား | | ကောင်း: ☐<br>သင့် ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐ | မွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |



CamScanner

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| | | ညံ့ ☐ | ၅နှစ် အထက် ☐ | |
| ရေပြွန် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကွန်ကရစ်တံတား(၇)စင်းရှိပြီး (၆)စင်းမှာ ကျေးရွာချင်းဆက်လမ်းအပေါ်တွင်ရှိပြီး လမ်းဦးစီးဌာနမှ ဆောင်ရွက်ထားပါသည်။ ရွာတွင်းလမ်းအပေါ်ရှိ ကွန်ကရစ်တံတား (၁)စင်းမှာ ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ်တွင် လွှတ်တော်ဘတ်ဂျတ်ဖြင့် ဆောင်ရွက် ထားပြီး တံတားအောက်ပိုင်းမှာ ပျက်စီးနေသဖြင့် ပြုပြင်ရန် လိုအပ်နေပါသည်။

## (၄-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ အသုံးမပြုပါ အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☑<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ၁ ☐ ၂ ☑ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☑ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☑<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ၁ ☐ ၂ ☑ ၃ ☐ | ပွင့်လင်းရာသီ ☑<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ၁ – လှေ၊ သမ္ဗာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဝပ်ပြင်ကျေးရွာတွင် မြစ်ကြောင်းအား ကမ်းနီးငါးဖမ်းလုပ်ငန်းဆောင်ရွက်ရန်သာ အသုံးပြုပြီး (၂)မိုင်ခန့်ရှိကာ တစ်နှစ်ပတ်လုံး နီးပါးအသုံးပြုပါသည်။ အဆိုပါ မြစ်ကြောင်းလမ်းအတွက် လှေနှင့် စက်လှေ (၂)မျိုးစလုံးအသုံးပြုပါသည်။ ပင်လယ်ရေကြောင်းလမ်းသည် (၁၀)မိုင်ခန့်ရှိပြီး ပွင့်လင်းရာသီများတွင် ငါးဖမ်းလုပ်ငန်း ဆောင်ရွက်ရန် အသုံးပြုပါသည်။



CamScanner

## (၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၁၉ | ၁၈ | ၇၈ | ၁၁၁ | ၈ | ၃ | ၉ | - | - |

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဝပ်ပြင်ကျေးရွာတွင် ရေလုပ်ငန်းလုပ်ကိုင်သူများသည် စက်လှေသာမက လှေကိုပါ အသုံးပြုကြပါသည်။ စက်လှေကို ကမ်းဝေးငါးဖမ်းလုပ်ငန်းအတွက် အသုံးပြုပြီး လှေကိုမူ ကမ်းနီးငါးဖမ်းလုပ်ငန်းအတွက် အသုံးပြုပါသည်။ စက်ဘီးမှာ ကျောင်းသား/သူများ ကျောင်းသို့သွားလာရာတွင် အသုံးပြုကာ (၇၈)စီးရှိပါသည်။ မော်တော်ဆိုင်ကယ်မှာ အချို့သော သွားလာရေးကိစ္စ၊ စီးပွားရေးကိစ္စတွင် အသုံးပြုကြပြီး အိမ်တိုင်း နီးပါးရှိကာ(၁၁၁)စီးရှိပါသည်။ သုံးဘီးဆိုင်ကယ်(၈)စီး နှင့် ကား(၉) စီးမှာ ရွာ၏သယ်ယူပို့ဆောင်ရေးကို အဓိကထား ဆောင်ရွက်ပါသည်။ ထော်လာဂျီ(၃)စီးမှာ ကျေးရွာမှထွက်ရှိသော ကုန်ပစ္စည်းများကို သယ်ယူရာ၌ အသုံးပြုကြပါသည်။

## (၅) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| ဆိုလာစနစ် | ၆ | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☑ | ရှိ ☐ မရှိ☐ |
| အသေးစားရေအားလျှပ်စစ် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| ဒီဇယ်သုံးအင်ဂျင် | ၂၀၀ | ကောင်း☐ သင့်☑ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☑ |
| လေစွမ်းအင် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| ဇီဝလောင်စာ | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | | ☒ | ☒ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဝပ်ပြင်ကျေးရွာ၏ လျှပ်စစ်မီးရရှိမှု အခြေအနေမှာ မဟာဓာတ်အားလိုင်း မရရှိသေးပါ။ ယခုလက်ရှိတွင် မီးသုံးစွဲမှုမှာ ဆိုလာစနစ်(၆)စုနှင့် ဒီဇယ်သုံး အင်ဂျင်(၂၀၀)စု တို့ဖြစ်ကြပါသည်။ ဒီဇယ်သုံး အင်ဂျင်အား ဖြန့်ဝေသူ(၁)ဦးရှိပြီး နံနက်(၄:၀၀)နာရီမှ (၆:၀၀)နာရီ (၁)ကြိမ် နှင့် ညနေ(၆:၀၀)နာရီမှ ည(၁၁:၀၀)နာရီ(၁)ကြိမ် စုစုပေါင်း(၂)ကြိမ် ဖြန့်ဝေလျက်ရှိပါသည်။ လျှပ်စစ်မီးသုံးစွဲမှုအား ပုံမှန်အားဖြင့် တစ်ယူနစ်လျှင်(၆၀၀)ကျပ်ပေးရပြီး ဒီဇယ်ဆီဈေးနှုန်းတက်ပါက ဈေးနှုန်းပိုပေးရပါသည်။ ထို့ကြောင့် ကျေးရွာတွင် မဟာဓာတ်အားလိုင်း ရရှိမည်ဆိုပါက အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်လိုသူများ အတွက် အခွင့်အလမ်း များစွာ ရရှိလာမည်ဖြစ်ပါသည်။



CamScanner

(ဃ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| အရေအတွက် | ၃၉၀ | ၂၆ | ၁၄၈ | ၁၄၇ |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျောက်ဝပ်ပြင်ကျေးရွာတွင် ဖုန်းအရေအတွက်မှာ (၃၉၀) လုံး ရှိပြီး Mytel နှင့် MPT ဖုန်းလိုင်းများ ရရှိပါသည်။ ထို့အပြင် ရေဒီယို(၂၆)လုံးရှိပြီး အလုပ်လုပ်ကိုင်ရင်း ဖွင့်ထားတတ်လေ့ရှိရာ သတင်းအချက်အလက်နှင့် နည်းပညာများကို နားဆင်လေ့ရှိပါသည်။ ကျေးရွာရှိ လူငယ်အများစုသည် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်သောကြောင့် သတင်းအချက်နှင့် နည်းပညာများအား Viber & Messager တို့ဖြင့်သာ ရယူလေ့ရှိကြောင်း လေ့လာတွေ့ရှိပါသည်။

(င) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များ အနားယူ အပန်းဖြေရန် နေရာများ ပျော်ပွဲရွှင်ပွဲများ ရှိခြင်း | ရှိ ☑ မရှိ☐ မဖြေဆိုပါ☐ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☐ သင့်☑ ညံ့☐ မဖြေဆိုပါ☐ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☑ သင့်☐ ညံ့☐ မဖြေဆိုပါ☐ |
| အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပြုပစ္စည်းများ ရှိခြင်း | ကောင်း☐ သင့်☑ ညံ့☐ မဖြေဆိုပါ☐ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☑ သင့်☐ ညံ့☐ မဖြေဆိုပါ☐ |
| ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှု | မရှိ ☐ နည်း ☑ များ☐ |
| စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည့် နေရာများ၊ လူငယ်ရိပ်သာများ၊ စာကြည့်တိုက်များ စသည် တို့တွင် ဝင်ရောက် လေ့လာသင်ယူနိုင်ခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိလူငယ်များ အပန်းဖြေနားယူရန် နေရာဟူ၍ သီးသန့်မရှိပါ။ တန်ခူးလတွင် သက်ကြီးပူဇော်ပွဲ၊ သီတင်းကျွတ်လတွင် ဆီမီးပူဇော်ပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲ၊ နတ်တော်လတွင် နတ်ပွဲ၊ ပြာသိုလတွင် ဘုရားလှည့်လည်ပွဲစသည့် သာသာရေး ပွဲတော်များ ရှိပါသည်။ ထိုပွဲတော်များတွင် လူငယ် ပါဝင်မှုရှိပြီး ရိုးရာဓလေ့ထုံးစံ များနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှုကြပြီး လူမှုရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်မှုလည်း အားကောင်းကြပါသည်။ ထို့အပြင် အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန် အားကစားကွင်းရှိပြီး လူငယ်များ အားကစားစိတ်ဓာတ်လည်း ပြင်းထန်ကြပါသည်။ ကျေးရွာတွင် စာကြည့်တိုက် မရှိပါ။ လူငယ်များသည် အများအားဖြင့် ဖုန်းများတွင်သာ အသိပညာ ဗဟုသုတများ လေ့လာတတ်ကြပါသည်။

(ဏ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

(ဏ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ ကြေးနန်းလိုင်း၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်း စသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြု အဆောက်အဦများရှိခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |
| အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | ရှိ ☑ မရှိ ☐ မဖြေဆိုပါ ☐ |
| မှုခင်းများ ကာကွယ်တားဆီး လျှော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

လေ့လာတွေ့ရှိချက်။ ။ ကျောက်ဝပ်ပြင်ကျေးရွာတွင် ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအနေဖြင့် သတင်းအချက်အလက်ဆိုင်ရာ အထောက်အကူပြု အဆောက်အဦများ မရှိသည့်အပြင် အာမခံလုပ်ငန်းအတွက် ဝန်ဆောင်မှုလည်း မရှိပါ။ သဘာဝ ဘေးအန္တရာယ်လျှော့ချရေးမှာ နှစ်စဉ်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် ကြိုတင်လေ့ကျင့်ခြင်း များလည်း ရှိပါသည်။ ယခင်နှစ်က မိုးရာသီတွင် တောင်ပြိုမှုကြောင့် အိမ်ခြေ(၃၀)ခန့်သည် ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးနံဘေးတွင် ကယ်ဆယ်ရေးစခန်းချကာ နေထိုင်ခဲ့ရပါသည်။ မှုခင်းများ ကာကွယ်တားဆီး လျှော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်းများ မရှိသည့်အတွက် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

(ဏ-၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| မှုခင်းဖြစ်ပွားမှု အခြေအနေ | စိုးရိမ်ရသည် ☐<br>သာမန် ☐<br>မရှိ ☑ | စိုးရိမ်ရသည် ☐<br>သာမန် ☐<br>မရှိ ☑ | စိုးရိမ်ရသည် ☐<br>သာမန် ☐<br>မရှိ ☑ | စိုးရိမ်ရသည် ☐<br>သာမန် ☐<br>မရှိ ☑ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မှုခင်းဖြစ်ပွားမှုအနေဖြင့် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အကြမ်းဖက်မှုများ မရှိပါ။ ကျေးရွာသူ/သားများသည် စည်းလုံးညီညွတ်၍ ချစ်ခင်ကြ ပါသည်။

နောက်ဆက်တွဲ (၃)

ကျေးရွာ ဖွံ့ဖြိုးရေးမျှော်မှန်းချက်ဖြင့် ဖော်ဆောင်သည့် အခြေပြဇယား(ကျောက်ဝပ်ပြင်ကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | ကဏ္ဍ - ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ္ဍာလုပ်ငန်း | | | | | |
| ၁ | • နေ့ငှ့်နေ့ပြန်ကြွေးကြာမှုများ ရှိခြင်း<br>• ယုံကြည်စိတ်ချမှုများ နည်းပါးခြင်း | • ကျေးရွာတွင် ငွေလွှဲပို့ခြင်းအား ဟွန်ဒီစနစ် အသုံးပြုမှု များနေခြင်း | • ကျေးရွာတွင် ပုဂ္ဂလိက အသေး စားငွေချေး လုပ်ငန်း လုပ်ကိုင်သူများ ရှိခြင်း | • ဦးဆောင်မည့်သူ မရှိခြင်း | • ဘဏ်ငွေကြေးဝန်ဆောင်မှု ကဏ္ဍ တိုးတက်အောင် ပြုပြင်ပြောင်းလဲခြင်း။ | • ငွေကြေးဝန်ဆောင်မှု ကဏ္ဍ တိုးတက်အောင် ပြုပြင်ပြောင်းလဲ ခြင်း။ |
| ၂ | ကဏ္ဍ - ပညာရေး | | | | | |
| ၂ | • ကလေးများ နေ့ရာသီ တွင် ပူပြင်းမှုအား ခံစား နေရခြင်း<br>• အဆောက်အဦမတင့်တယ်ခြင်း | • ကျောင်းအဆောက်အဦ အသစ်အကြမ်းတည်ဖြစ်ခြင်း<br>• မျက်နှာကျက်မရှိခြင်း | • ကျေးရွာမှ လုပ်အား၊ ငွေကြေးအသင့်အတင့် ပါဝင်နိုင်ခြင်း | • | • ပညာရေးဌာနနှင့် ချိတ်ဆက်ခြင်း | • ကျောင်းဆောင်အသစ် အချော ကိုင်ခြင်း(၆၀'×၂၀'×၁၁')<br>• ကျောင်းဆောင်အသစ် မျက်နှာကျက်ပြုပြင်ခြင်း |
| ၃ | • အမိုးပြတင်း၊ တံခါးများ ပျက်စီးနေခြင်း | • ကျောင်းအဆောက်အဦ ဟောင်းနွမ်းနေခြင်း | • ကျောင်းကော်မတီ ပူးပေါင်းမှုအားကောင်းခြင်း | | • ကျောင်းဆောင်အဟောင်း ပြုပြင်ခြင်း | • ကျောင်းဆောင်အဟောင်း အမိုး၊ ပြတင်း ပေါက်၊ တံခါးပေါက်များ ပြုပြင်ခြင်း |
| ၄ | • ကျောင်းသားများ စာရေးခုံမလုံလောက်ခြင်း<br>• (၁)ခုံလျှင်(၅)ဦး(၆)ဦးရေး နေရခြင်း | • ကျောင်းသားဦးရေ များလာခြင်း<br>• စာရေးခုံများ ကျိုးပဲ့နေခြင်း | • ကျောင်းသားမိဘများမှ ငွေကြေး အနည်းငယ် ပါဝင်နိုင်ခြင်း | • | • အလှူရှင်များနှင့်ချိတ်ဆက်ခြင်း | • စာရေးခုံ(၁၅၀)စုံဖြည့်ဆည်းခြင်း |
| ၅ | • အိမ်သာမလုံလောက်ခြင်း | • ကျောင်းသားဦးရေများ လာခြင်း | • အိမ်သာဆောက်လုပ်ရန် မြေနေရာရှိခြင်း | • | • ကျောင်း အကျိုးတော်ဆောင်နှင့်ရပ်မိရပ်ဖများပူး ပေါင်း၍ လိုအပ်ချက်များတင်ပြတောင်းဆိုခြင်း၊ | • (၂)ခန်းတွဲအိမ်သာဆောက် လုပ်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၆ | • ကလေးများယာဉ် အန္တရာယ်စိုးရိမ်ရခြင်း<br>• တိရစ္ဆာန်များဝင်ခြင်း | • ကျောင်းခြံစည်းရိုး ပျက်စီးနေခြင်း | • ကျောင်းကော်မတီ ပူးပေါင်းမှုအားကောင်းခြင်း | | • ကျောင်း အကျိုးတော်ဆောင်နှင့်ရပ်မိရပ်ဖများ ပူးပေါင်း၍ လိုအပ်ချက်များတင်ပြတောင်းဆိုခြင်း၊ | • ကျောင်းခြံစည်းရိုး ကာရံခြင်း (၃၀၀'x၅') |
| ၇ | • စာရွက်စာတမ်းများထည့်ရန်နေရာမရှိခြင်း<br>• ကြွက်ကိုက်မှာစိုးရိမ်ရခြင်း<br>• အရေးကြီးသောစာရွက်စာတမ်းများထိန်းသိမ်းရန်နေရာမရှိခြင်း | • ကျောင်းတွင်ဗီရိုများပျက်စီးနေခြင်း | • ကျောင်းကော်မတီ ပူးပေါင်းမှုအားကောင်းခြင်း | | • အလှူရှင်များရှာဖွေခြင်း | • ပရိဘောဂ(ဗီရို)(၄)လုံးဖြည့်ဆည်းခြင်း |
| ၃ | ကဏ္ဍ - ကျန်းမာရေး | | | | | |
| ၁ | • ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားမှု အနည်းငယ်ရှိခြင်း | • ယင်လုံအိမ်သာ မသုံးစွဲသော အိမ်ထောင်စုများ ရှိခြင်း | • လစဉ်ကာကွယ် ဆေးထိုးသည့်အစီ အစဉ်များ ရှိခြင်း။ | • အိမ်သာဆောက်လုပ်ရန် ငွေကြေးမတတ်နိုင်ခြင်း | • အိမ်သာများဆောက်လုပ်ရန် အသိပညာပေးခြင်း<br>• အလှူရှင်များ ရှာဖွေခြင်း | • အိမ်တိုင်းယင်လုံအိမ်သာသုံးစွဲလာစေရန် အသိပညာပေးခြင်း |
| ၄ | ကဏ္ဍ - လမ်း၊ တံတား၊ လျှပ်စစ်မီး အခြေခံ အဆောက်အဦ | | | | | |
| ၁ | • သွားလာရန်ခက်ခဲခြင်း<br>• ရေတွက်ပစ္စည်းများသယ်ယူရန် ခက်ခဲခြင်း | • ရေဆိပ်ဆင်းလမ်းမြေသားလမ်းဖြစ်ပြီး မညီမညာ ဖြစ်ခြင်း | • ငွေကြေးအသင့်အတင့် ထည့်ဝင်နိုင်ခြင်း | • ဦးဆောင်မည့်သူမရှိခြင်း | • မြေသားလမ်းမှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း | • ရေဆိပ်ဆင်းလမ်းမြေသားလမ်းမှ ကွန်ကရစ်လမ်းသို့အဆင့်မြှင့်တင်ခြင်း(၁၂၀၀'x၁၂'x၆") |
| ၉ | • နာရေးကိစ္စများဆောင်ရွက်ရာတွင် အခက်အခဲရှိခြင်း<br>• သွားလာရန်ခက်ခဲခြင်း | • သုသာန်သွားလမ်း မကောင်းခြင်း | • ငွေကြေးအသင့်အတင့် ထည့်ဝင်နိုင်ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • ကျေးရွာတွင် အလှူရှင်များ ရှာဖွေခြင်း | • သုသာန်သွားလမ်းကွန်ကရစ်ခင်းခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁၀ | • ကုန်ပစ္စည်းများသယ်ယူရာတွင် ခက်ခဲခြင်း<br>• အန္တရာယ်ရှိခြင်း<br>• အရည်အသွေးမကောင်းခြင်း | • တံတားမကောင်းခြင်း<br>• ဆောက်လုပ်ထားသည်မှာ ကြာမြင့်နေပြီဖြစ်ခြင်း | • ကျေးရွာမှ အသင့်အတင့် ပြုပြင်မှုရှိခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • ကွန်ကရစ်တံတားပြုပြင်နိုင်ရေးညှိနှိုင်းခြင်း | • ကျေးရွာတွင်းလမ်းပေါ်ရှိကွန်ကရစ်တံတားပြုပြင်ခြင်း(၂၄'×၁၂'×၈') |
| ၁၁ | • ထော်လာဂျီ ကားများ ဝင်ထွက်ရန် ခက်ခဲခြင်း<br>• ကျေးရွာထုတ်ကုန်များအား ဈေးကွက်သို့အချိန်မီ မပို့နိုင်ခြင်း | • ဥယျာဉ်ခြံသွားလမ်းကျဉ်းမြောင်းခြင်း | • လမ်းနံဘေးရှိမြေပိုင်ရှင်များမှ မြေယာ လှူဒါန်း မှုရှိခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | • ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း (၂/၀)မိုင် |
| ၁၂ | • ဒီရေတောများတွင် အမှိုက်များ ကပ်တင်နေခြင်း<br>• ကျေးရွာသန့်ရှင်းမှုမရှိခြင်း<br>• ငါးမျိုးစေ့များ ပျက်စီးမှာ စိုးရိမ်ရခြင်း | • အမှိုက်များ စနစ်တကျ မပစ်ခြင်း<br>• ရေထဲသို့ ပစ်ချခြင်း | • အသိပညာများပေးရန် စိတ်ဝင်စားမှုရှိခြင်း | • ဦးဆောင်မည့်သူမရှိခြင်း | • သက်ဆိုင်ရာ ဌာန/ အဖွဲ့ အစည်းများအား ချိတ်ဆက်၍ သဘာဝ ဘေး အန္တရာယ် လျော့ ချရေး ဆိုင်ရာအသိ ပညာပေး ဆွေးနွေး ပွဲများ ပြုလုပ်ခြင်း။ | • စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် စုပေါင်းလုပ်ဆောင် ခြင်း။ |
| ၁၃ | • ကျောင်းသားများ ပညာလေ့လာရာတွင်အခက် အခဲရှိခြင်း<br>• အသေးစားစက်မှု လုပ် ငန်းများဆောင်ရွက်ရန် အခွင့်အလမ်းနည်းခြင်း<br>• မီတာခ ဈေးကြီးခြင်း | • မဟာဓာတ်အားလိုင်း မရှိခြင်း | • ကျေးရွာတွင် ဒီဇယ်သုံး အင်ဂျင်ဖြင့် ပုဂ္ဂလိ က အချိန်ပိုင်း လျှပ်စစ်မီး ဝန်ဆောင်မှု ပေးခြင်းများ ရှိခြင်း | • | • သက်ဆိုင်ရာ အဖွဲ့ အစည်း များနှင့် ပူးပေါင်း ပြီး ကျေး ရွာ အတွင်း မီးလင်း အောင် ပူးပေါင်း ဆောင်ရွက်ခြင်း | • လျှပ်စစ်မီး ချိတ်ဆက်သွယ်တန်းရန် သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ် ဆက် ခြင်း။ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၅ | ကဏ္ဍ - လူငယ်နှင့် ယဉ်ကျေးမှု | | | | | |
| ၁၄ | • အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်း | • စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းနည်းပါးခြင်း၊ အတတ်ပညာနှင့် ကျွမ်းကျင်မှု အားနည်းခြင်း | • အတတ်ပညာများသင်ယူရန်လူငယ်များ ရှိခြင်း | • ချိတ်ဆက်မှုအားနည်း ခြင်း | • ကျေးလက်ဦးစီးဌာန<br>• နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | • အသက်မွေးဝမ်းကျောင်းပညာပေးသင်တန်းများ လိုအပ်ခြင်း |
| ၁၅ | • အမျိုးသမီးများ အခွင့်အလမ်းများဆိုင်ရာ သိရှိမှုအားနည်းခြင်း။ | • အမျိုးသမီးများမှ တရားဥပဒေ ဆိုင်ရာ အသိပညာ လေ့လာမှုအားနည်းခြင်း။ | • စိတ်ပါဝင်စားမှုရှိခြင်း | • အမျိုးသမီးများ အိမ်မှုကိစ္စဆောင်ရွက်ခြင်းဖြင့်သာ အချိန်ကုန်နေခြင်း | • အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာပေးဟောပြော ပွဲများ ဆောင်ရွက်ပေးခြင်း။ | • အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာ ပေးဟောပြောပွဲများ စီစဉ်ခြင်း။ |

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ(၁)**

| | |
|---|---|
| ကျေးရွာ | - ကျောက်ဝပ်ပြင် |
| ကျေးရွာအုပ်စု | - ကျောက်ဝပ်ပြင် |
| မြို့နယ် | - လောင်းလုံး |
| တိုင်းဒေသကြီး / ပြည်နယ် | - တနင်္သာရီ |

**စီမံချက်အမည်** - ရေဆိပ်ဆင်းလမ်းကွန်ကရစ်ခင်းခင်း(၆၀၀'×၁၂'× ၆")

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ကျေးရွာချင်းဆက်လမ်းသည် (၁၂၀၀)ပေ ရှိပါသည်။ ယခုလက်ရှိ လမ်းအကျယ်မှာ (၁၄)ပေ၊ ရေမြောင်းမှာ အချို့နေရာတွင် (၁)ပေခန့် သာရှိပြီး အချို့နေရာများတွင် မရှိပါ။
- လမ်းမြေအမျိုးအစားမှာ ကျောက်ရောမြေအမျိုးအစားဖြစ်ပြီး မိုးရာသီတွင် ရေမြောင်း တိမ်သော ကြောင့် ချိုင့်ခွက်များ ဖြစ်ပြီး လမ်းပေါ်ရေကျော်မှုများလည်း ဖြစ်ပါသည်။
- ထိုလမ်းသည် ကျေးရွာထွက် ကုန်ပစ္စည်းများအား သယ်ယူရာတွင် အဓိကအသုံးပြုကြပါသည်။
- လမ်းမှာ မညီမညာဖြစ်နေသဖြင့် ကုန်ပစ္စည်းများပို့ဆောင်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ် ပေါ်ပြီး ဈေးကွက်သို့အချိန်မီ ရောက်ရှိရန် ခက်ခဲနေပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- မိုးတွင်းကာလ မိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များ မရှိစေရန်၊
- ကျေးရွာထုတ်ကုန်များအား ဈေးကွက်သို့အချိန်မီရောက်ရှိပြီး ဈေးကွက်ကောင်းကောင်းရရှိစေရန်၊
- လမ်းအင်္ဂါရပ်နှင့်ပြည့်စုံစေရန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကွန်ကရစ်လမ်း ခင်းပြီးနောက် ရေကျော်မှုများ ကင်းဝေးပြီး ဗွက်များ၊ ချိုင့်များ မရှိသဖြင့် သွားလာမှု ပိုမို အဆင်ပြေ လွယ်ကူလာမည်။
- ထို့အပြင် နွေရာသီ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက လမ်းကောင်းနေသောကြောင့် အချိန်မီ တားဆီး နိုင်ပါမည်။
- ကျေးရွာထွက် ထုတ်ကုန်များအား ဈေးကွက်သို့ အချိန်မီရောက်ရှိနိုင်ပြီး ဈေးကွက်ကောင်း ရရှိ လာမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- ရေဆိပ်ဆင်းလမ်းကွန်ကရစ်ခင်းခြင်း (၆၀၀'×၁၂'× ၆") လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေမှာ (၁၀၀၀၀၀၀၀) ကျပ် ဖြစ်ပါသည်။

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
| • ၁၀,၀၀၀,၀၀၀(ငွေသား)<br>• xx x x x x x x (ငွေသား)<br>• xxxxxxxxxxလုပ်အား | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၅၆၂ | ၅၆၆ | ၁၁၂၈ | ၃၀ | ၈၀ | ၇၀ | ၂၀ | ၂၀၀ |
| အကျိုးခံစားမည့်သူ ဦးရေ | ၅၆၂ | ၅၆၆ | ၁၁၂၈ | ၃၀ | ၈၀ | ၇၀ | ၂၀ | ၂၀၀ |
| မှတ်ချက်။ ချောင်လည်အဆင့် -၁၊ အလယ်အလတ်အဆင့် - ၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

(၁) **တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ကျောက်ဝပ်ပြင်ကျေးရွာ ရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) **စီမံချက် စတင်မည့် အချိန်ခန့်မှန်း-** ၂၀၂၀ခုနှစ်၊ ဧပြီလ (ပထမပတ်)

(၃) **စီမံချက်ပြီးစီးမည့်အချိန် -** ၂၀၂၀ခုနှစ်၊ ဩဂုတ်လ (ပထမပတ်)

(၄) **ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- ကျေးရွာတွင်း ကွန်ကရစ်ခင်းရာတွင်ကျေးရွာမှပစ္စည်းနှင့်ငွေကြေးတတ်နိုင်သလောက် ကူညီဆောင်ရွက်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- လုပ်ငန်းဆောင်ရွက်ပါက ကျေးရွာလမ်းကော်မတီ၊ ရာအိမ်မှူး၊ ရပ်မိရပ်ဖနှင့် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်သွားပါမည်။
- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုနှင့် အစည်းအဝေးပြုလုပ်ပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်း လုပ်ဆောင်ပါမည်။
- ကျေးရွာချင်းဆက်လမ်းအား ရေရှည်ကောင်းမွန်နိုင်ခဲ့ စေရေး အတွက် လိုအပ်သော ပြုပြင် ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ် ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။



CamScanner

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ(၂)

| | |
|---|---|
| ကျေးရွာ | - ကျောက်ဝပ်ပြင် |
| ကျေးရွာအုပ်စု | - ကျောက်ဝပ်ပြင် |
| မြို့နယ် | - လောင်းလုံး |
| တိုင်းဒေသကြီး / ပြည်နယ် | - တနင်္သာရီ |

**စီမံချက်အမည်** - ကျောင်းခြံစည်းရိုးကာရံခြင်း(၃၀၁'×၅')

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ကျေးရွာတွင် ကျောင်းခြံစည်းရိုးပတ်လည် (၃၀၁) ပေ ရှိပါသည်။
- ကျောင်းခြံစည်းရိုးမှာ ကာရံထားသည်မှာ ကြာမြင့်ပြီဖြစ်၍ သစ်တိုင်များ ဆွေးမြေ့နေပြီး တိရစ္ဆာန်များ ဝင်ရောက်ကာ ကျောင်းသူ/သားများအတွက် လုံခြုံမှု မရှိဖြစ်နေပါသည်။
- မိုးရာသီတွင် ကျောင်းအနောက်ဘက်ရှိ ချောင်းမြောင်းများမှ ရေကြီးရေလျှံမှုများ ဖြစ်တတ်ပါသည်။
- ကျောင်းသည် လမ်းနံဘေးတွင်ရှိသဖြင့် ယာဉ်အန္တရာယ်လည်း စိုးရိမ်ရပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျောင်းအင်္ဂါရပ်နှင့် ပြည့်စုံစေရန်
- ကျောင်းသား/သူများ လုံခြုံစေရန်
- ကလေးငယ်များ ဘေးအန္တရာယ်ကင်းစွာ ပညာသင်ကြားနိုင်ရန်
- မိုးရာသီတွင် ရေကြီးရေလျှံမှုမှ ကင်းဝေးစေရန်

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကျောင်းအင်္ဂါရပ်နှင့် ပြည့်စုံခြင်းကြောင့် ကျေးရွာ၏ လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာမည်။
- ကျောင်းသား/သူများ ယာဉ်အန္တရာယ်ကင်းရှင်းကာ ပျော်ရွှင်စွာ ကစားရပါမည်။
- မိုးရာသီတွင် ရေကြီးရေလျှံမှု ကင်းဝေးပြီး ကလေးများ ကျန်းမာရေးနှင့် ညီညွတ်လာပါမည်။
- ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်သည့်အတွက် ကလေးများ၏ ပညာရည်မြင့်မားလာပါမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- ကျောင်းခြံစည်းရိုးကာရံခြင်း(၃၀၁'×၅') လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေမှာ (၆၃၀၀၀၀၀) ကျပ် ဖြစ်ပါသည်။



CamScanner

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
| • ၆,၉၀၀,၀၀၀(ငွေသား)<br>• xx x x x x x x (ငွေသား)<br>• xxxxxxxxxxလုပ်အား | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၅၆၂ | ၅၆၆ | ၁၁၂၈ | ၃၀ | ၈၀ | ၇၀ | ၂၀ | ၂၀၀ |
| အကျိုးခံစားမည့်သူ ဦးရေ | ၉၄ | ၆၉ | ၁၆၃ | ၃၀ | ၆၅ | ၃၅ | ၂၀ | ၁၅၀ |
| မှတ်ချက်။ ချောင်လည်အဆင့် -၁၊ အလယ်အလတ်အဆင့် - ၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ကျောက်ဝပ်ပြင်ကျေးရွာ ရပ်မိရပ်ဖအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၊
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက် စတင်မည့် အချိန်ခန့်မှန်း-** ၂၀၂၀ခုနှစ်၊ စက်တင်ဘာလ (ပထမပတ်)

**(၃) စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၂၀ခုနှစ်၊ နိုဝင်ဘာလ (ပထမပတ်)

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- ကျေးရွာမှ လုပ်အားပါဝင်နေစေရန် ကျေးရွာလူငယ်အဖွဲ့များ၊ ပရဟိတ အဖွဲ့များအား စည်းရုံးဆောင်ရွက် သွားပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- ကျောင်းခြံစည်းရိုးဆောင်ရွက်ပါက ကျေးရွာကျောင်းကော်မတီများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ၊ ရပ်မိရပ်ဖနှင့် အုပ်ချုပ်ရေးမှူး အဖွဲ့မှ ကြပ်မတ်ဆောင်ရွက်ပါမည်။
- စီမံကိန်းလုပ်ငန်းပြီးစီးပါက ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား ပွင့်လင်းမြင်သာစွာ ရှင်းလင်း ဖော်ပြပြီး စီမံကိန်းပြီးစီး ကြောင်း ကို သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြသွား ပါမည်။



CamScanner

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ(၃)**

ကျေးရွာ - ကျောက်ဝပ်ပြင်

ကျေးရွာအုပ်စု - ကျောက်ဝပ်ပြင်

မြို့နယ် - လောင်းလုံး

တိုင်းဒေသကြီး / ပြည်နယ် - တနင်္သာရီ

**စီမံချက်အမည်** - ကျေးရွာတွင်းလမ်းပေါ်ရှိ တံတားဆောက်လုပ်ခြင်း(၂၄×၁၂'× ၈')

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ယခုလက်ရှိတွင် ကျေးရွာ၏ လမ်းများ၌ ရေပြွန်များ မရှိသည့်အတွက် မိုးရာသီတွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်လျှက်ရှိပါသည်။
- ထို့ကြောင့် မိုးရာသည်တွင် ပညာရေး၊ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စများ ဆောင်ရွက်ရာတွင် အခက်အခဲများစွာ ရှိပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- မိုးရာသီတွင် ရေကြီးရေလျှံမှုမှ ကင်းဝေးစေရန်
- ကျေးရွာနေပြည်သူများ ရာသီမရွေး လွယ်ကူစွာ သွားလာနိုင်စေရန်
- ကျေးရွာ၏ လူနေမှု အဆင့်အတန်း မြင့်မားစေရန်
- ကျောင်းသား/သူများ ကျောင်းပျက်နှုန်းနည်းပြီး ပညာတတ်မြောက်မှုများ များလာစေရန်

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- မိုးရာသီတွင် ရေကြီးရေလျှံမှုများမှ ကင်းဝေးလာပါမည်။
- ကျေးရွာနေပြည်သူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပါမည်။
- လူနေမှုအဆင့်အတန်း မြင့်မားလာပါမည်။
- ကျောင်းသား/သူများ ကျောင်းပျက်နှုန်းနည်းပြီး ပညာတတ်မြောက်မှုများ များလာပါမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- ကျေးရွာတွင်းလမ်းပေါ်ရှိ တံတားဆောက်လုပ်ခြင်း(၂၄×၁၂'× ၈') လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေမှာ (၂၄၀၀၀၀၀၀) ကျပ် ဖြစ်ပါသည်။



CamScanner

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
| • ၂၄,၀၀၀,၀၀၀(ငွေသား)<br>• xx x x x x x x (ငွေသား)<br>• xxxxxxxxxxလုပ်အား | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၅၆၂ | ၅၆၆ | ၁၁၂၈ | ၃၀ | ၈၀ | ၇၀ | ၂၀ | ၂၀၀ |
| အကျိုးခံစားမည့်သူ ဦးရေ | ၅၆၂ | ၅၆၆ | ၁၁၂၈ | ၃၀ | ၈၀ | ၇၀ | ၂၀ | ၂၀၀ |

မှတ်ချက်။ ချောင်လည်အဆင့် -၁၊ အလယ်အလတ်အဆင့် - ၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ကျောက်ဝပ်ပြင်ကျေးရွာ ရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက် စတင်မည့် အချိန်ခန့်မှန်း-** ၂၀၂၁ခုနှစ်၊ ဧပြီလ (ပထမပတ်)

**(၃) စီမံချက်ပြီးစီးမည့်အချိန် -** ၂၀၂၁ခုနှစ်၊ ဩဂုတ်လ (ပထမပတ်)

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- ကျေးရွာတွင်းကွန်ကရစ်ခင်း တံတားဆောက်လုပ်ရာတွင် ကျေးရွာမှ ပစ္စည်းနှင့် ငွေကြေးတတ်နိုင်သလောက် ကူညီဆောင်ရွက် ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းဆောင်ရွက်ပါက ရာအိမ်မှူး၊ ရပ်မိရပ်ဖနှင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်သွားပါမည်။
- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုနှင့် အစည်းအဝေးပြုလုပ်ပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်း လုပ်ဆောင်ပါမည်။
- ကွန်ကရစ်တံတား ရေရှည်ကောင်းမွန်နိုင်ခဲ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ် ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်၍ လုပ်ဆောင် သွားပါမည်။



CamScanner